# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၄၉)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၆ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

# စွန့်ပစ်ပစ္စည်းများထဲတွင် ပလတ်စတစ်စွန့်ပစ်အမှိုက်များသည်နေ့စဉ်နှင့်အမျှ များပြားလာပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၏ အဓိကစိန်ခေါ်မှုတစ်ရပ်ကဲ့သို့ ဖြစ်လာနေ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၅

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊

စာမျက်နှာ ၁၆ ကော်လံ ၁✯

**ဆောင်းပါး** စိန်ရတုမှသည် ရတုပေါင်းများစွာတိုင် ခိုင်မြဲနေမည့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု စာ - ၁၁ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၆ ရက်)

# ပြည်သူ့အကျိုးရှေးရှုဆောင်ရွက်နေသည့်တပ်မတော်

တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်စတင်ပေါ်ထွန်းလာခဲ့ပြီး လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းလှုပ်ရှားမှုများတွင် အဓိကအမာခံအင်အားတစ်ရပ်အဖြစ်ရှိနေခဲ့သည်။ လွတ်လပ်ရေးရရှိပြီး အချိန်ကာလမှယနေ့တိုင်တပ်မတော်သည် ရရှိထားသောလွတ်လပ်ရေးကိုထိန်းသိမ်းကာကွယ်စောင့်ရှောက် ပေးလျက်ရှိသည်။ လွတ်လပ်ရေးဆိုသည်မှာ ဆုံးရှုံးမှုမြန်ဆန်သော်လည်း လွတ်လပ်ရေးပြန်လည်ရရှိရန် ကြိုးစားရာတွင် နှစ်ကာလရှည်ကြာသည်။ လွတ်လပ်ရေးဆုံးရှုံးရသည့်အကြောင်းရင်းများမှာ ပြည်ထောင်စု ပြိုကွဲခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲခြင်းနှင့် အချုပ်အခြာအာဏာယိုင်လဲခြင်းတို့ဖြစ်သည်။ အဆိုပါ အချက်သုံးချက်ကိုယနေ့ကာလတွင် ဒို့တာဝန်အရေးသုံးပါးဟုသတ်မှတ်ကာ တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကိုအစဉ်ဦးထိပ်ထားလျက်ရှိပြီး အမျိုးသားနိုင်ငံရေးအဖြစ်ခံယူကျင့်သုံးလျက်ရှိသည်။

တပ်မတော်ဆိုသည်မှာ ပြည်သူတစ်ရပ်လုံးနှင့်သက်ဆိုင်ပြီး နိုင်ငံအတွက်မရှိမဖြစ်သည့်အဖွဲ့အစည်းဖြစ်သည်။ တပ်မတော်မရှိလျှင် တိုင်းပြည်ပြိုကွဲသွားမည်ဖြစ်သည်။ တပ်မတော်သို့ဝင်ရောက်တာဝန်ထမ်းဆောင် နေကြသူများမှာ မည်သူတစ်ဦးတစ်ယောက်၏တိုက်တွန်းမှုမှမပါဘဲ မိမိတို့ဆန္ဒအလျောက်တာဝန်ထမ်း ဆောင်နေကြသူများဖြစ်သည်။တပ်မတော်၏စဉ်ဆက်မပြတ်လုပ်ငန်းတာဝန်များမှာနိုင်ငံတော်ကာကွယ်ရေး တာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များဖြစ်သည်။ အမှန်အားဖြင့်ထိုတာဝန် အားလုံးမှာ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကိုရှေးရှုဆောင်ရွက်နေခြင်းဖြစ်သည်။

နှစ်(၈၀)ပြည့်တပ်မတော်နေ့အခမ်းအနားကို ၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ စစ်ကြောင်းကြီးများဖြင့် ချီတက်အလေးပြုခြင်း၊ ပြည်သူများကပန်းကုံးများဖြင့်ကြိုဆိုခြင်းတို့ သည် နှစ်စဉ်မြင်တွေ့နေကြရသည့်မြင်ကွင်းဖြစ်သည်။ မတ်လ ၂၈ ရက်တွင် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား တွင် ပါဝင်ခဲ့ကြသော ကြည်း၊ ရေ၊ လေ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မိမိတို့နေရာဒေသ အသီးသီးသို့ပြန်လည်ချီတက်ရန်အသင့်ဖြစ်နေကြသည်။ ထိုအချိန်တွင် နိုင်ငံတော်၌ သဘာဝဘေးအန္တရာယ်နှင့် ကြုံလိုက်ကြရသည်။

မတ်လ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်တွင် အလွန်ပြင်းထန်သည့်အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ရှမ်းပြည်နယ်အရှေ့မြောက်ဒေသနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးဆုံးရှုံး မှုများပြားခဲ့သည်။ ပြည်သူများသဘာဝဘေးကိုရင်ဆိုင်ကြုံတွေ့နေရသည့်အခါ တပ်မတော်သားတို့အနေဖြင့် မူလကပြန်လည်ချီတက်ရန်အစီအစဉ်အားပြောင်းလဲကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများလုပ်ဆောင်ကြရသည်။ တပ်မတော်သားအင်အား ခြောက်ထောင်ကျော်ဖြင့် နေပြည်တော်တွင်ရှိသည့် ငလျင်ဘေးသင့်ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ပျက်စီးသွားသည့်နေရာများကို ချက်ချင်းသွားရောက်ကာကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ကြရသည်။ ချက်ချင်းဆောင်ရွက်နိုင်သည့်အတွက် အမျိုးသားလေးဦး၊ အမျိုးသမီးရှစ်ဦး၊ ကလေးငယ် သုံးဦးတို့ကို အမြန်ဆုံးကယ်ထုတ်နိုင်ခဲ့သည်။ ထို့အတူသေဆုံးသွားသည့်ရုပ်အလောင်း ၇၆ ဦးကိုလည်း အမြန်ဆုံးရွှေ့ထုတ်ပေးနိုင်ခဲ့သည်။ ထို့ပြင် သာသနိကအဆောက်အအုံ ၇၀၁ လုံး၊ လူနေအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများ၊ ဆေးခန်းများ၊ ဈေးမဆိုင်ခန်းများစုစုပေါင်း ၁၀၁၇ လုံးကို ရှင်းလင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ မန္တလေးနှင့်စစ်ကိုင်းတို့တွင် တပ်မတော်သားအင်အား တစ်ထောင်ဖြင့် သွားရောက်ကာ ကူညီကယ်ဆယ်ရေးများဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်သားများအနေဖြင့်ကူညီကယ်ဆယ်ရေးသာမက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း ထိရောက်စွာပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မတ်လ ၂၈ ရက်ညနေပိုင်းမှစတင်ကာ ကူညီကယ်ဆယ် စောင့်ရှောက်ရေးများဆောင်ရွက်ခဲ့ပြီး ယခုအခါပြန်လည်တည်ဆောက်ထူထောင်ရေးလုပ်ငန်းများ ဆက်လက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်သားများအနေဖြင့်ပြည်သူလူထုကိုအဓိကထားကာ ကူညီကယ်ဆယ် စောင့်ရှောက်မှုများပြုလုပ်နေကြသော်လည်း ၎င်းတို့၏တပ်ရင်းတပ်ဖွဲ့များမှာလည်း ငလျင်ဒဏ်ခံထားရသည့် အခြေအနေတွင်ရှိနေသည်။သို့သော်မိမိအကျိုးထက်ပြည်သူ့အကျိုးကိုသာ တပ်မတော်သားတို့ဦးထိပ်ထားခဲ့သည်။

တပ်မတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်း များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလကို ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိထပ်မံတိုးမြှင့်ထုတ်ပြန်ပေးထားသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငလျင် ဒဏ်သင့်ဒေသများ၌ထိခိုက်ပျက်စီးခဲ့ရသည့် အစိုးရရုံးဌာနများ၊ ပြည်သူများ၏အိုးအိမ်နှင့်လမ်းပန်းဆက်သွယ်မှု လုပ်ငန်းများ၊ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှလည်းကူညီမှုများဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲကို ယခုနှစ်အတွင်းမဖြစ်မနေကျင်းပဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက် လျက်ရှိသည်။ တပ်မတော်အနေဖြင့်နိုင်ငံတော်နှင့်နိုင်ငံသားအားလုံးအကျိုးစီးပွားကိုပိုမိုလျင်မြန်စွာဖော်ဆောင် ပေးလျက်ရှိသည်။ ရေရှည်တည်တံ့ပြီးစစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရေးတို့အတွက် တည်ငြိမ် အေးချမ်းမှုကို ရှေးရှုဆောင်ရွက်နေခြင်းဖြစ်သည်။ တပ်မတော်သားတို့သည် ပြည်သူလူထု၏အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်မှာ ထင်ရှားစွာတွေ့မြင်နေရသည့်မြင်ကွင်းများက သက်သေ ပြလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ် ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့် လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည် ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘော ဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိ သော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# (၂၇) ကြိမ်မြောက် အစိုးရပါဠိပထမပြန်စာမေးပွဲဖြေဆို

ကျောက်ကြီး ဇွန် ၅

အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီး မြို့နယ် သိန်တန်းရပ်ကွက် ကသစ်ဝိုင်ဓမ္မရိပ်သာ၌ ဇွန်လ ၄ ရက်မှစတင်၍ (၂၇)ကြိမ်မြောက် အစိုးရပါဠိ ပထမပြန်( အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း၊ မူလတန်း)စာမေးပွဲများကို ဖြေဆိုလျက်ရှိကြောင်းသိရ သည်။

၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် ကျောက်ကြီး မြို့နယ်အတွင်းရှိ စာဖြေသံဃာပထမကြီးတန်း လေးပါး၊ ပထမလတ်တန်း ခြောက်ပါး၊ ပထမငယ်တန်း ခုနစ်ပါး၊ အခြေပြုမူလတန်း ငါးပါး စုစုပေါင်း စာရင်းပေးစာဖြေ သံဃာ ၂၂ ပါးရှိရာ စာဖြေသံဃာ ၂၁ ပါးဝင်ရောက် ဖြေဆို၍ ပထမငယ်တန်း တစ်ပါး ပျက်ကွက်မှုရှိပြီး အခြေပြုမူလတန်း လေးရက်၊ ပထမငယ်တန်း ငါးရက်၊ ပထမလတ်တန်း ခြောက်ရက်၊ ပထမကြီးတန်း ခုနစ် ရက် ဖြေဆိုကြမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ပါဠိပထမပြန်စာမေးပွဲကို ဇွန်လ ၄ ရက်မှ ၁၀ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ဖြေဆိုလျက်ရှိပြီး စာဖြေသံဃာတော် များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ နှင့် ရပ်မိရပ်ဖများက လိုအပ်သည်များအနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

(၄၁၀)

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုနှစ်မိုးရာသီတွင် သရက်ချောင်းမြို့နယ်၌ ကော်ဖီဧက ၅၀ ခန့် တိုးချဲ့စိုက်ပျိုးမည်



သရက်ချောင်း ဇွန် ၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ကော်ဖီဧက ၅၀ ခန့် တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ကော်ဖီဧကတိုးချဲ့စိုက်ပျိုးနိုင်ရန် ကော်ဖီပျိုးပင်ပေါင်း ၂၀၀၀၀ ခန့် ပျိုးထောင်ထားရှိပြီး အဆိုပါပျိုးပင်များကို တောင်သူများအား အခမဲ့ဖြန့်ဝေပေးကာ တိုးချဲ့စိုက်ပျိုးမည့်အပြင် ကော်ဖီပင်များအတွက် လိုအပ်သောဓာတ်မြေဩဇာများကိုလည်း ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်သည်။

"သရက်ချောင်းမြို့နယ်အတွင်း ဒီနှစ်မိုးရာသီမှာ ကော်ဖီဧက ၅၀ ခန့် တိုးချဲ့စိုက်ပျိုးဖို့ လျာထားပါတယ်။ အဲဒီအတွက် ကော်ဖီပျိုးပင်ပေါင်း ၂၀၀၀၀ ခန့် ပျိုးထောင်ထားပြီး ဇွန်လပထမပတ်ကစပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်နဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ တောင်သူတွေကို အခမဲ့ဖြန့်ဝေပေးလျက်ရှိပါတယ်"ဟု သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းကပြောသည်။

သရက်ချောင်းမြို့နယ်ရှိ တောင်သူများသည် ကော်ဖီကို အများအားဖြင့် အရိပ်ရအပင်များကြားတွင် သီးညှပ်အနေဖြင့် စိုက်ပျိုးကြပြီး ဥယျာဉ်ခြံသီးနှံများအပြင် ကော်ဖီကိုလည်း ရာသီအလိုက် ခူးဆွတ်ရောင်းချကာ တစ်ဖက်တစ်လမ်းမှ မိသားစုအပိုဝင်ငွေရရှိစေရန် ရည်ရွယ်စိုက်ပျိုးကြောင်း သိရသည်။

နှစ်စဉ် သရက်ချောင်းမြို့နယ်၌ ကော်ဖီကို တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ပြီးခဲ့သည့်နှစ်မိုးရာသီကလည်း သရက်ချောင်းမြို့နယ်၌ ကော်ဖီ ၁၅၈ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီစိုက်တောင်သူများကို လိုအပ်သောဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးနေသည့်အပြင် စိုက်ပျိုးရေးနည်းပညာများကိုလည်း ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# မြစ်သားမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိစေရေး တောင်သူစိုက်ပျိုးနည်းပညာပေးဆွေးနွေး

မြစ်သား ဇွန် ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကြောင်ပန်းကုန်းကျေးရွာအုပ်စု ထနောင်းကုန်းကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးမည့်တောင်သူများ မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေး၊ မြေဆီဩဇာကောင်းမွန်စေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေး မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား တောင်သူစိုက်ပျိုးနည်းပညာပေးဆွေးနွေးပွဲကို ဇွန်လ ၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းထွေးက မိုးစပါးစိုက်ပျိုးမည့်တောင်သူများ အကျိုးဖြစ်ထွန်းစေရေးအတွက် မိုးစပါးများကို အဓိကစိုက်ပျိုးမည်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကထက် မိုးစပါးတိုးမြှင့်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ မိုးစပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါစိုက်ပျိုးမည့်တောင်သူများ မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် မြေဆီဩဇာကောင်းမွန်စေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေး လိုက်နာရမည့်နည်းစနစ်များကို အသိပညာပေးဆွေးနွေးကြောင်း သိရသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မြေ၊ မျိုး၊ ပိုးတာဝန်ခံများက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ မျိုးစေ့အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်း၊ စိုက်ပျိုးသီးနှံများတွင် ကျရောက်တတ်သောဖျက်ပိုးများ၏ အလေ့အထနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံအထွက်တိုးနည်းပညာများကို အသိပညာပေးဆွေးနွေးသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က ယခုကဲ့သို့ အသိပညာပေးဆွေးနွေးခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ကာ စိုက်ပျိုးသီးနှံများ တစ်ဧကအထွက်နှုန်းတိုးတက်လာ၍ ပန်းတိုင်အထွက်နှုန်းရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်သူများက သိရှိလိုသည်များကိုမေးမြန်းရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းထွေးနှင့်ဝန်ထမ်းများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ရွက်ဖျန်းမြေဩဇာနှင့် အသိပညာပေးလက်ကမ်းစာစောင်များကို တက်ရောက်လာသူများအား ဖြန့်ဝေပေးကြောင်း သိရသည်။ **သီတာအောင်(မြစ်သား)**

# မြောင်းမြခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဗိုလ်ကိတ်ပဲ ဧက ၁၀၀၀၀ ကျော် ခူးဆွတ်ပြီးစီး

မြောင်းမြ ဇွန် ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဗိုလ်ကိတ်ပဲ ဧက ၁၀၀၀၀ ကျော် ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ ပြောဆိုချက်အရ သိရသည်။

မြောင်းမြခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ၁၀၂၂၆ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲများကိုခူးဆွတ်ခဲ့ရာ လက်ရှိတွင် ဗိုလ်ကိတ်ပဲ ၁၀၂၂၆ ဧက ရာနှုန်းပြည့်ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ခူးဆွတ်ခဲ့သော ဗိုလ်ကိတ်ပဲတစ်ဧကလျှင် ၁၇ ဒသမ ၈၁ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

မြောင်းမြခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲများ ခူးဆွတ်ပြီးစီးမှုအနေဖြင့် အိမ်မဲမြို့နယ်၌ ၄၄၉ ဧက၊ မြောင်းမြမြို့နယ်၌ ၄၇၁၈ ဧက၊ ဝါးခယ်မမြို့နယ်၌ ၅၀၅၉ ဧကဖြစ်ကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအပါအဝင် အထွက်နှုန်းညီစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်အားဆေးများ အသုံးပြုမှုမှန်ကန်စေရေးနည်းစနစ်များ၊ ဒေသမြေအနေအထားနှင့် မျိုးကောင်းမျိုးသန့်အသုံးချမှုများ၊ စိုက်ပျိုးနည်းစနစ်များ စသည့်လုပ်ငန်းများကို တောင်သူအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံသာမက ပိုလျှံမှုကို နိုင်ငံအတွင်းနှင့် ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်သည်။ ထို့ပြင် သီးနှံဈေးနှုန်းများလည်း တည်ငြိမ်ကျဆင်းစေကာ တောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

အသက် ၃၅ နှစ်တွင် ကျွန်ုပ်တရားအားထုတ်၍ ပေါက်ရောက်တန်သလောက် ပေါက်ရောက်သောအခါတွင် ကျွန်ုပ်သည် တရားသဘာဝအမြင်နှင့်ပတ်သက်၍ မိဘနှစ်ပါးတို့၏ချွတ်ယွင်းချက်ကို မြင်လာ၏။ ၎င်းတို့သည် အပြင်သို့မရောက်သေးဘဲလျက်နှင့် ရောက်ပြီမှတ်ထင်ကာ အပေါက်ဝတွင် ထိုင်လျက်ရှိသူများသဖွယ် ကျွန်ုပ်မြင်မိ၏။ ကျွန်ုပ်က ဤအကြောင်းကို ရှင်းပြရာတွင် ဖခင်သည် ရှေးဦးစွာသဘောပေါက်၍ မိခင်က နောက်တစ်နေ့မှ သဘောပေါက်၏။ သို့ရာတွင် ဖခင်သည် ထိုင်ရာမှထဖို့ ပျင်းရိသောလူတစ်ယောက်ကဲ့သို့ရှိနေရာ မိခင်မူကား ကျွန်ုပ်အား ဆရာတင်ကာ အပြင်းအထန်အားထုတ်ပါတော့သည်။ ဖခင်သည် ကျွန်ုပ်သက်န်းဝတ်သောအခါ၌ ကြည်ညိုပုံရသော်လည်း နောက်ပိုင်း၌မူ ကျွန်ုပ်၏အနေအထိုင်သည် သူ၏အနေအထိုင်ကဲ့သို့ သန့်ရှင်းခြင်းမရှိသည်ကိုတွေ့ရသည်နှင့် ကျွန်ုပ်၏တရားအမြင်နှင့်ပတ်သက်၍ သံသယများဝင်လာပုံရသည်။ မိခင်မူကား ကျွန်ုပ် ဘာလုပ်၍နေသည်ဖြစ်စေ၊ ကျွန်ုပ်၏ ဉာဏ်အမြင်နှင့်ပတ်သက်၍ ယုံမှားသံသယအလျှင်းမရှိဘဲ အားထုတ်မြဲအားထုတ်လာခဲ့ရာ နောက်ပိုင်းတွင် ကျွန်ုပ်ထက်သာလွန်၍ ကျွန်ုပ်ဆရာဖြစ်သွားပြန်ပါသည်။ သို့ဖြစ်၍ မိခင်နှင့် ကျွန်ုပ်သည် တစ်ပြန်တစ်လှန်စီ ဆရာတပည့်ဖြစ်ခဲ့ကြ၍ ဤသားအမိမျိုးသည် ရှာမှရှားလိမ့်မည်ထင်မိပါသည်။

### အဆုံးစွန်သောချီးမွမ်းခြင်း

ဤနေရာ၌ မိတ်ဆွေ ကိုခင်မောင်တင့်က ကျွန်ုပ်၏မိခင်အား ချီးမွမ်းဖူးသည့်စကားလုံးကို သတိရသည်နှင့် ဖော်ပြလိုက်ပါရစေဦး။ ၁၉၃၉ ခုနှစ်၌ သူရိယတွင် အလုပ်လုပ်စဉ် မစိုးသည် ကျွန်ုပ်တို့သားအမိနှစ်ယောက်အား ထားခဲ့၍ သူ၏မိဘများထံသို့ပြန်သွားခိုက် ကျွန်ုပ်တို့သားအမိနှစ်ယောက်မှာ ကိုခင်မောင်တင့်တို့လင်မယားနှင့်အတူ စမ်းချောင်းရပ် ကျွန်းတောကွက်သစ်၌ အိမ်ကြီးတစ်လုံးတွင် တစ်လခန့်မျှ အတူတကွနေထိုင်ကြသည်။ ကိုယ့်အိုးနှင့်ကိုယ် စားသောက်ကြခြင်းဖြစ်၍ မိခင်သည် ချက်မှုပြုတ်မှုအတွက် တာဝန်ယူရှာသည်။ ထိုတစ်လအတွင်း၌ ကိုခင်မောင်တင့်မှာ အလုပ်မရှိသူတစ်ယောက်ဖြစ်၍ ကျွန်ုပ်အလုပ်သွားခိုက်တွင် မိခင်နှင့် တစ်နေ့ပတ်လုံးစကားပြောခွင့်ရသည်နှင့် မိခင်အကြောင်း အတော်ကြီးသိပြီး အလွန်ကျေနပ်သွားခဲ့သည်။ မိခင်ပြန်သွားသောအခါ၌ ကိုခင်မောင်တင့်က မိခင်အကြောင်း စကားစပ်ကြသည်နှင့် အင်္ဂလိပ်ဘာသာဖြင့် ပြောသည်မှာကား ('The greatest and best mannered Lady I have ever known') ကျုပ်တွေ့ဖူးသမျှ မိန်းမကြီးများအနက်တွင် စိတ်သဘောထားအကြီးဆုံး၊ အမူအရာအသိပ်သည်းဆုံးဖြစ်ပေသည်ဟု ပြောပေသည်။ ကိုခင်မောင်တင့်မှာ ဘိလပ်တွင် သုံးနှစ်ခန့်နေခဲ့ဖူးသူဖြစ်၍ အတွေ့အကြုံအတော်များသော လူတစ်ယောက်ဖြစ်သောကြောင့် သူ၏စကားသည် သာ၍အရာရောက်လှသည်။ ကိုခင်မောင်တင့်သည် ကိုသိန်းဖေနှင့်မတူဘဲ ကျွန်ုပ်နှင့်ကတောက်ကဆတ်ဖြစ်ကြရဖူးသည့်အကြိမ်များလည်းရှိခဲ့ရာ ကျွန်ုပ်၏မိခင်အား အထက်ပါနည်းအတိုင်း အားရပါးရစကားလုံးလှလှနှင့် ချီးကျူးစကားပြောလိုက်ခြင်းကို ကြားလိုက်ရသောအခါတွင် ကျွန်ုပ်သည် သည်းခံတတ်သူတစ်ယောက်မဟုတ်ဘဲ ထစ်ခနဲဆို စိတ်ဆိုးချင်တတ်သူတစ်ယောက်ဖြစ်ပါလျက် 'ငါသည် ဤနေ့မှစ၍ ကိုခင်မောင်တင့်က ခြေထောက်နှင့်ကန်စေကာမူလည်း သည်းခံပါတော့မည်'ဟု သန္နိဋ္ဌာန်ချလိုက်မိပါသည်။ (သူသည် ကျွန်ုပ်ထက် အသက်သုံးနှစ်လည်းကြီးပါသည်။)

**''ဖခင်သည် ကျွန်ုပ်သက်န်းဝတ်သောအခါ၌ ကြည်ညိုပုံရသော်လည်း နောက်ပိုင်း၌မူ ကျွန်ုပ်၏အနေအထိုင်သည် သူ၏အနေအထိုင်ကဲ့သို့ သန့်ရှင်းခြင်းမရှိသည်ကို တွေ့ရသည်နှင့် ကျွန်ုပ်၏တရားအမြင်နှင့်ပတ်သက်၍ သံသယများဝင်လာပုံရသည်။ မိခင်မူကား ကျွန်ုပ် ဘာလုပ်၍နေသည်ဖြစ်စေ၊ ကျွန်ုပ်၏ ဉာဏ်အမြင်နှင့်ပတ်သက်၍ ယုံမှားသံသယအလျှင်းမရှိဘဲ အားထုတ်မြဲအားထုတ်လာခဲ့ရာ နောက်ပိုင်းတွင် ကျွန်ုပ်ထက်သာလွန်၍ ကျွန်ုပ်ဆရာဖြစ်သွားပြန်ပါသည်။ သို့ဖြစ်၍ မိခင်နှင့်ကျွန်ုပ်သည် တစ်ပြန်တစ်လှန်စီ ဆရာတပည့်ဖြစ်ခဲ့ကြ၍ ဤသားအမိမျိုးသည် ရှာမှရှားလိမ့်မည်ထင်မိပါသည် . . ."**

### ကျွန်ုပ် သစ္စာပြုခြင်း

ကျွန်ုပ်သည် အထက်ပါအကြောင်းအရာကို ဆင်ခြင်ရာမှ မိခင်နှင့်ပတ်သက်၍ ကျွန်ုပ်၏အပြုအမူများကို ဆက်လက်သုံးသပ်မိပါသည်။ ကျွန်ုပ်သည် မိဘ၏စကားကို မြေဝယ်မကျနားထောင်သည့် သားကောင်းသားမြတ်တစ်ယောက်မဟုတ်ခြင်းကို ဝန်ခံပါ၏။ သို့ရာတွင် ကျွန်ုပ်၏နားမထောင်ခဲ့ခြင်းများသည် (ငယ်ရွယ်စဉ်က ကျောင်းပြေးခြင်းများမှတစ်ပါး) ၎င်းတို့အား စိတ်နှလုံးပူလောင်စေလောက်အောင် ကြီးကျယ်လှသည်မဟုတ်ပါ။ အသက် ၁၁ နှစ်သားအရွယ်တွင် ဖခင်၏စကားကို နားမထောင်ဘဲ ရွှေစာရံဘုရားပွဲသို့ ဇွတ်လိုက်သွားခဲ့ဖူးခြင်းမှတစ်ပါး ၎င်းတို့အား တိုက်ရိုက်ပြောင်ပြောင်နားမထောင်ဘဲ ကတ်ဖဲ့လုပ်ခဲ့ဖူးခြင်းဟူ၍ မမှတ်မိပါ။ အိမ်ထောင်ရေးတွင် မိဘများအား တိုင်ပင်ခြင်းမရှိ။ ကိုယ်လုပ်ချင်ရာလုပ်ခဲ့သူတစ်ယောက်ဖြစ်ခဲ့ရာ ဤကိစ္စမျိုးတွင် မိဘများက ဩဇာပေးခဲ့လျှင်လည်း ကျွန်ုပ် နားထောင်ကောင်းမှ နားထောင်မည့်သူတစ်ယောက်ဖြစ်သောကြောင့် ဤအရာမျိုး၌ ဝင်ရောက်စွက်ဖက်ချင်သောဆန္ဒမရှိကြခြင်းမှာ ကျွန်ုပ်အဖို့ရာ၌ အလွန်ကံကောင်းသည်ဟု ယူဆမိသည်။ ကျွန်ုပ်ကိုယ်ကျွန်ုပ် အထူးသဖြင့် ကျေနပ်မိသော အချက်ကြီးတစ်ခုမှာ ဖော်ပြခဲ့သည့်အတိုင်း သားကောင်းသားမြတ်တစ်ယောက်မဟုတ်စေကာမူ ကျွန်ုပ်၏မိဘများအား (အထူးသဖြင့် မွေးမိခင်အား ကက်ကော်တကန် တော်လှန်တုံ့ပြန်သည့်စကားမျိုးကို ကျွန်ုပ်၏အသက်တာတွင် တစ်ခွန်းတစ်ပါဒမျှပြောခဲ့ဖူးခြင်းမရှိဟူ၍ စိတ်ထဲ၌ ရှင်းလင်းကြည်လင်စွာရှိခြင်း (Clear Conscience) ပင်ဖြစ်ပါသည်။) ဤတွင် ကျွန်ုပ်သည် သစ္စာဆိုဖို့ ချက်ချင်းသတိရ၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် အောက်ပါအတိုင်း နှုတ်မှရွတ်ဆိုပါတော့သည်။

" ကျွန်ုပ်သည် ယခုမီးလောင်ကျွမ်းလျက်ရှိသော မွေးသမိခင်ကြီးအား ကျွန်ုပ်၏တစ်သက်လုံးတွင် ကက်ကော်တကန် တော်လှန်တုံ့ပြန်သောအနေဖြင့် စော်ကားသောစကားမျိုးကို တစ်ခွန်းတစ်ပါဒပြောဖူးသည်ဟု မမှတ်မိပါ။ ဤစကားသည် မှန်ပါသည်။ ဤမှန်သောစကားကို ဆိုရသောအားဖြင့် ကျွန်ုပ်သည် လောကုတ္တရာဘက်၌ ဆုံးခန်းတိုင်ရောက်အားထုတ်ဖို့ရည်ရွယ်ချက်ရှိသည့်အတိုင်း အားထုတ်နိုင်ဖို့ အခွင့်အလမ်းမျိုးနှင့်ပြည့်စုံပါစေသတည်း"

'မဂ်ဖိုလ်နိဗ္ဗာန်ကို ရပါလိုပါ' ဟု ကျွန်ုပ် ဆုမတောင်း၊ ကျွန်ုပ်အဖို့ရာ၌ကား အားထုတ်ဖို့အခွင့်အလမ်းနှင့် အကြောင်းညီညွတ်ဖို့သာလိုသည်။ အားထုတ်ခွင့်ရလျှင် 'ကေန္ဒြရလိမ့်မည်'ဟု တထစ်ချယုံကြည်ပြီး ဖြစ်လေသည်။ သစ္စာပြုပြီးသောအခါ ကျွန်ုပ်သည် မိခင်၏အလောင်းကို တံစူးဝါးကြီးများနှင့် ထိုးလှန်လျက်ရှိကြခြင်းကို မကြည့်ရက်သည်နှင့် သစ်ပင်အောက်မှထလာခဲ့၍ အိမ်သို့ပြန်လာခဲ့ရာ ဆွေမျိုးများသည် ကျွန်ုပ်၏မျက်နှာကို မြင်ကြသဖြင့် အံ့အားသင့်ကာ ငေးကြည့်နေကြ၏။ ကျွန်ုပ်သည် နှမဝမ်းကွဲတော်၍ မိခင်၏လက်ကသုံးတောင်ဝှေးဖြစ်ခဲ့သည့် မပြုံးကိုခေါ်၍ တစ်နေရာသို့သွားပြီး မေးမြန်းလေ၏။

"အမေ့ကို ငါပြန်ပို့တုန်းက အဖေမပါလာတဲ့အကြောင်းကိုမေးတော့ နင်တို့က မျက်နှာထားတစ်မျိုးဖြစ်ကြတာ ဘာကြောင့်လဲဟဲ့"

"မောင်ကြီးမှာ အမေဆုံးပေမယ့် အမေ အစားရနေပြီ မောင်ကြီးရဲ့"

"ကောင်မလေးက ရွှတ်တွတ်တွတ်နဲ့"

" ကန်တော့ပါရဲ့ မောင်ကြီးရယ်၊ အမှန်ကတော့ အမှန်ပဲ မောင်ကြီးရဲ့"

### မိထွေးရခြင်း

မပြုံးက ပြောပြသည်များကို အကျဉ်းချုပ်ဖော်ပြရသော် မိခင်သည် ဖခင်နှင့်အတူနေရခြင်းအတွက် ဝန်လေးကြောင်း၊ အိမ်ထောင်ပြုလိုကပြုနိုင်သည်ဟု ခွင့်ပေးကြောင်း၊ ထို့ကြောင့် ဖခင်က မိမိထက် အသက် ၃၀ ခန့်ငယ်သည့် ရွာသူတစ်ယောက်ကို ယူလိုက်ကြောင်း၊ မိခင်က ခွင့်ပြုထားသည်မှာ သုံးနှစ်၊ လေးနှစ်ရှိပြီဖြစ်သော်လည်း ကသာ၌ ကျွန်ုပ်နှင့်အတူ မိခင်ရှိနေသောအချိန်ကမှ ဖခင်က ယူခဲ့ခြင်းဖြစ်ကြောင်း၊ မပြုံး၏မိခင်(ဖခင်၏နှမ) ကမူ ခမ္ဘကထိကကြီးတစ်ယောက်လုပ်နေပြီး ကြီးမှ မိန်းမယူရပါမည်လောဆို၍ ဖခင်အား မကြည်ညိုနိုင်ဘဲရှိနေရာ တချို့ဆွေမျိုးများကလည်း ဤအတိုင်းပင် သဘောထားကြကြောင်း ပြောလေ၏။ ဖခင်မှာ ထိုအချိန်၌ အသက် ၇၈ နှစ်ရှိ၍ မိခင်မှာ ၇၄ နှစ်ရှိလေပြီ။ ကျွန်ုပ်၏မိထွေးမှာ ကျွန်ုပ်ထက် လေးငါးနှစ်ခန့်ငယ်လိမ့်မည်ထင်သည်။

ကျွန်ုပ်သည် မန်ကျည်းတုံရွာသို့လိုက်သွား၍ ဖခင်အိမ်ထောင်ပြုခြင်းအတွက် မကျေမချမ်းဖြစ်နေကြသောဆွေမျိုးများအား ဖခင်ဘက်မှနေ၍ ခုခံပြောဆိုပေးခဲ့ရသေးသည်။ **ဆက်လက်ဖော်ပြပါမည်။**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

သထုံ ဇွန် ၅

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန်လ ၅ ရက်တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်ထွန်းက ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့်ဆောင်ရွက်ပေးဟူသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ဆောင်ပုဒ်နှင့် အညီသဘာဝပတ်ဝန်းကျင်အပေါ် ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများ၏ ခြိမ်းခြောက်နေမှုများ၊ ပလတ်စတစ်ကြောင့်ဖြစ်ပေါ်နေသည့် မြေထု၊ ရေထု၊ လေထု ညစ်ညမ်းမှုများ၊ လူသားတို့အပါအဝင် သက်ရှိအားလုံး ပလတ်စတစ်ကြောင့် ခံစားနေကြရသော ကျန်းမာရေးဆိုးကျိုးများ စသည့်သက်ရှိတို့အပေါ် ဖြစ်ပေါ်နေသော ခြိမ်းခြောက်မှုများကို တားဆီးကာကွယ်နိုင်ရန် အားလုံးပူးပေါင်းဆောင်ရွက်ကြရေး ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာငြိမ်းက ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သဝဏ်လွှာကိုဖတ်ကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ထွန်း၊ ခရိုင်ပညာရေးမှူး ဦးခဲမိုင်းနှင့် တာဝန်ရှိသူများက ခရိုင်အဆင့် စိမ်းလန်းစိုပြည်သောကျောင်းဆုရရှိကြသည့် ပေါင်မြို့နယ်မှ အခြေခံပညာအထက်တန်းကျောင်း (ပေါင်)နှင့် အခြေခံပညာမူလတန်းလွန်ကျောင်း (ကဒါဈေး)တို့ကို ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။



အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ချမ်းမြေ့**

# လျှောင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဒီဇယ်ရှိ စာသင်ကျောင်းဆောင်နှစ်ဆောင် ပြန်လည်ပြုပြင်ခြင်းနှင့်ကျောင်းဝတ်စုံများပေးအပ်လှူဒါန်းပွဲတွင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံများထောက်ပံ့ပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် လျှောင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးမြို့ အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ရွာတောလေးကျေးရွာရှိ စွယ်တော်မြတ်စေတီတော်၏ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များရှိ ရတနာပစ္စည်းတော်များအား စနစ်တကျမှတ်တမ်းပြုစု၍ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၅**

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း လျှောင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော သောတာပန်ရပ်ကွက်ရှိ သကျဓိတာသီလရှင်စာသင်တိုက်၊ နန်းဦးမြို့သစ် သမိုင်းဝင်ရွှေကြက်တောင်စေတီ၊ သောတာပန်ရပ်ကွက် ရွှေဟင်္သာကျောင်းတိုက်နှင့်ခေမာသီဝံချောင်ကျောင်းတိုက်များ၌ သာသနိကအဆောက်အအုံများ မိုးမကျမီဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့်ဖယ်ရှားရှင်းလင်းနေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ လျှောင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော ရွာထောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဒီဇယ်ရှိစာသင်ကျောင်းဆောင် (၂) ဆောင်ပြန်လည်ပြုပြင်ခြင်းနှင့် ကျောင်းဝတ်စုံများပေးအပ်လှူဒါန်းပွဲသို့တက်ရောက်အမှာစကားပြောကြားပြီး စာသင်ကျောင်းဆောင်(၂)ဆောင်နှင့် ကျောင်းဝတ်စုံများအား ထောက်ပံ့ပေးအပ်ကာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှလူမှုရေးရာဝန်ကြီးမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးကြပြီး ပြန်လည်ပြုပြင်ထားသည့် ကျောင်းဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရှိ လျှောင်ဘေးဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ ပြန်လည်တည်ဆောက်ရန်အတွက် လျာထားမြေနေရာပေးရန် ရွာထောင်ရပ်ကွက်ရှိမြေနေရာအချို့အား တာဝန်ရှိသူများနှင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် လျှောင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်အတွင်း ဖြိုချရှင်းလင်းရန်ကျန်ရှိသည့် အန္တရာယ်ရှိလူနေအဆောက်အအုံအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်ရန်ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ မင်းရဲဆည်အတွင်း၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် Kyaukse Rescue (လူမှုကယ်ဆယ်ရေးအဖွဲ့)တို့ပူးပေါင်း၍ Speed Boat မောင်းနှင်လေ့ကျင့်နေမှုနှင့် ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်းများ လေ့ကျင့်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုမှတစ်ဆင့် စစ်ကိုင်းမြို့၊ စီတီးရပ်ကွက် ရာဇမဏိစူဠာကောင်းမှုတော်စေတီအတွင်း လျှောင်ဘေးဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား တပ်မတော်သားများက ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ဖယ်ရှားရှင်းလင်းနေမှုများအားလည်းကောင်း၊ ကျောက်ဆစ်ရပ်ကွက် လျှောင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နည်းပညာတက္ကသိုလ် (စစ်ကိုင်း) ကျောင်းဆောင်အတွင်းရှိ ကျောင်းသုံးပစ္စည်းများ သယ်ယူရွှေ့ပြောင်းပေးနေမှုအားကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ မေဃဂီရိရပ်ကွက်၊ မဟာဇေယျာဘုံရပ်ကွက်နှင့် အနိုပ်တော်ရပ်ကွက်တို့ရှိ လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန် အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများအားလည်းကောင်း၊ ဖြိုချပြီးအပျက်အစီးများအပြီးသတ်ရှင်းလင်းနေမှု အခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ်လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် နေ့လယ်ပိုင်းတွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်နှင့် စိန်ပန်းရပ်ကွက်တို့ရှိလျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန်အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများအားလည်းကောင်း၊ ဖြိုချပြီးအပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ရွာတောလေးကျေးရွာရှိစွယ်တော်မြတ် စေတီတော်သို့သွားရောက်၍ စေတီတော်ပတ်ဝန်းကျင်နှင့် ဗောဓိငါးထောင်နန္ဒဝန်ဥယျာဉ်တော်အတွင်း အဖွဲ့အစည်းအသီးသီးမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအားလည်းကောင်း၊ လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဘုရားရင်ပြင်တော်ရှိ ကျောက်ပြားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့်အခြေအနေများအားလည်းကောင်း၊ အက်ကွဲသွားသော ဂန္ဓကုဋိတိုက်အောက်ခြေလှေကားဝဲ/ယာရှိ မကန်းရုပ်အောက်ခြေနေရာအက်ကွဲကြောင်းအတွင်း အသိအမှတ်ပြု လက်မှတ်ရအင်ဂျင်နီယာ (PE)အဖွဲ့များ၏စစ်ဆေးချက်အရ သဲများလောင်းထည့်ပြုပြင်နေမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ စေတီတော်၏ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များရှိ ရတနာပစ္စည်းတော်များအား စနစ်တကျ မှတ်တမ်းပြုစုထားရှိရေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်ရှိမဟာသုန္ဒရာ ရာမပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အနန္တဂုဏ်ရည် ငါးထပ်ဓမ္မဗိမာန်တော်ကြီး၏ ခေါင်မိုးများနှင့် အမိုးကိုင်းမျက်နှာကြက်များပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများအားလည်းကောင်း၊ ကျောင်းအတွင်းရှိ လျှောင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော မဟာလောကထွဋ္ဌခေါင်စေတီတော်အား ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေများအားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့်တာဝန်ရှိသူများသည် ကျောက်ဆည်မြို့၊ မင်းရဲဆည်အတွင်း၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် Kyaukse Rescue (လူမှုကယ်ဆယ်ရေးအဖွဲ့)မှ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် Speed Boat မောင်းနှင်လေ့ကျင့်မှုနှင့် ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်းများ လေ့ကျင့်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ်များအတွက် မြေပြင်၌ အမှန်တကယ်လက်တွေ့အသုံးချနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းမှာကြားခဲ့ကာ လေ့ကျင့်ဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများပေးအပ်ခဲ့ပြီး တာဝန်ရှိသူများမှတင်ပြချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့၊ ရွာနိုင်ရပ်ကွက်ရှိ ရွှေကျီးနားကျောင်းတိုက်တွင် လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြင်ဆင်ဆောက်လုပ်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ စဉ့်ကိုင်မြို့နယ်ရှိဘောဂဗလပလတ်စတစ်ဘူးခွံစက်ရုံ၌ လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုအခြေအနေများအားလည်းကောင်း၊ ကျောက်ဆည်မြို့အတွင်းရှိလျှောင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့်ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။(၁၀၀)

# စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟိယင်္ဂဏစေတီတော်ကြီး အသစ်ပြန်လည်တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကျင်းပ



သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံမှ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

နေပြည်တော် ဇွန် ၅

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရှိ ပထမအင်းဝခေတ် မိုးညှင်းမင်းတရားကြီးက သက္ကရာဇ်(၇၈၉)ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သော မဟိယင်္ဂဏစေတီတော်ကြီးသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သဖြင့် မဟိယင်္ဂဏစေတီတော်ကြီးအသစ်တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိကဗဟုဇနဟိတရေ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တက်ရောက်လာကြသူများက သီတဂူဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ကြပြီး ပန္နက်တင်ခြင်းမင်္ဂလာပြုလုပ်ကြသည်။

ၚင်းနောက် အုတ်မြစ်ချခြင်းမင်္ဂလာအခမ်းအနားကို သံဃာတော်များ၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ကြပြီး အမွှေးနံ့သာရည်များပက်ဖျန်း၍ ရွှေမိုးငွေမိုးများရွာသွန်းဖြိုးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၅

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ မင်္ဂလာသုခကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# ကချင်ပြည်နယ်၊နောင်မွန်းမြို့နယ်၊ နောင်မွန်း - ပန်နန်းဒင်သွား မေခမြစ်ကူး(လူကူး)ကြိုးတံတားပျက်စီးခဲ့မှုအား ပြန်လည်ပြုပြင်ပြီးစီး၊ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်များပို့ဆောင်



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တာဝန်ရှိသူများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။



နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်၍ ပူတာအိုမြို့မှ စတင်ထွက်ခွာစဉ်။

နေပြည်တော် ဇွန် ၅

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နောင်မွန်းမြို့နယ်၊ နောင်မွန်း - ပန်နန်းဒင်သွား မေခမြစ်ကူး (လူကူး) ကြိုးတံတား အရှည် ၃၄၀ ပေ၊ အကျယ် ၆ ပေသည် မေလ ၃၁ ရက်တွင် မေခမြစ်ရေအဆမတန်မြင့်တက်မှုကြောင့် မြစ်အတွင်းမျောပါသွားခဲ့သည်။ အဆိုပါ ပန်နန်းဒင် မေခမြစ်ကူး(လူကူး)ကြိုးတံတား ပျက်စီးခဲ့မှုအား ဌာနဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြန်လည်ဆောက်လုပ်ခဲ့ရာ ဇွန်လ ၄ ရက်နေ့တွင် ဆောက်လုပ်ပြီးစီး၍ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။



မေခမြစ်အတွင်းမျောပါပျက်စီးခဲ့သည့် ပန်နန်းဒင်မေခမြစ်ကူး(လူကူး)ကြိုးတံတားကို တွေ့ရစဉ်။



ပန်နန်းဒင်မေခမြစ်ကူး(လူကူး)ကြိုးတံတား ပြန်လည်ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

ထို့ပြင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် နောင်မွန်းမြို့နယ်အတွင်းရှိပန်နန်းဒင်မြို့နှင့် ထလာထုကျေးရွာများရှိရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ကုန်များ တင်ဆောင်ထားသည့် မော်တော်ယာဉ် ၅ စီးအား သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါမော်တော်ယာဉ်များသည် ယနေ့နံနက်ပိုင်းတွင် ရေဘေးသင့်ပြည်သူများ ထံသို့ပို့ဆောင်ရန် ပူတာအိုမြို့မှစတင် ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အမြို့မြို့အနယ်နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

## ရန်ကုန်




၂၀၂၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (World Environment Day) အထိမ်းအမှတ်အခမ်းအနားကို "Ending Plastic Pollution Globally(ကမ္ဘာတစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့်ဆောင်ရွက်ပေး)"ဆောင်ပုဒ်ဖြင့် ဇွန်လ ၅ ရက်နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် ၂၀၂၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဗီဒီယိုနှင့် ၂၀၂၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပညာပေးဗီဒီယိုမှတ်တမ်းကို ပြသသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ခုနှစ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသည့်ကျောင်းများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ကျောင်းသူများ၊၂၀၂၄-၂၀၂၅ ခုနှစ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောစက်ရုံ/အလုပ်ရုံ/လုပ်ငန်းဆု ပထမ၊ ဒုတိယနှင့် တတိယရရှိသည့် စက်ရုံ/အလုပ်ရုံ/ လုပ်ငန်းများ၊၂၀၂၄ - ၂၀၂၅ ခုနှစ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုနှင့် ၂၀၂၄-၂၀၂၅ ခုနှစ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆုတို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ဆုများချီးမြှင့်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြသထားသောပြခန်းများအား လှည့်လည်ကြည့်ရှုကြောင်းသိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

## ပုသိမ်

ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဇွန်လ ၅ ရက် နံနက်ပိုင်းက "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ပုသိမ်တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများအား သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း ယှဉ်ပြိုင်ရာ၌ အကောင်းဆုံးဆုရရှိကြသည့် ကျောင်းများအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းများချီးမြှင့်ပေးအပ်သည်။ ၎င်းနောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဥပဒေချုပ်တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး၏သဝဏ်လွှာဖတ်ကြားခြင်း Video Clip၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Clip နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သီချင်းတို့အားကြည့်ရှုခဲ့ကြပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **၄၀၁၊ တင်စိုး(ပုသိမ်)**



## လွိုင်ကော်

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ပြည်နယ်ခန်းမ၌ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင် တက်ရောက် အမှာစကားပြောကြားသည်။



ထို့နောက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်နှင့်ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP) အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် ပေးပို့သည့် သဝဏ်လွှာဖတ်ကြားသည့် Video Clip တို့ကို ကြည့်ရှုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ဆောင်းပါးပြိုင်ပွဲနှင့်အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေနှင့်ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ထားဝယ်

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန်လ ၅ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာဖတ်ကြားသည့်ဗီဒီယိုနှင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယိုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောနေရာဒေသ (စံပြကျေးရွာ)ဆုနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆုရရှိသည့်ကျောင်းများနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် သရုပ်ဖော်ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## စစ်တွေ

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန်လ ၅ ရက်နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP) အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားသို့ပေးပို့သည့် ဗီဒီယိုများနှင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အသိပညာပေးဗီဒီယိုတို့ကို ကြည့်ရှုအားပေးသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**

## မုံရွာ


၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန်လ ၅ ရက်နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ဌာနဆိုင်ရာများ၊ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဗီဒီယို၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာဖတ်ကြားသည့်ဗီဒီယိုနှင့် မုံရွာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဂုဏ်ပြုဆုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအတွက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု အကောင်းဆုံးဆုရရှိကြသူများ၊ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်း အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်တို့တွင် ဆုရရှိကြသည့်ကျောင်းများ၊ အလွတ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုလက်မှတ်နှင့် ဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရေ၊ မြေ၊ လေ တိုင်းတာရေးစက်ကိရိယာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ၊ ဥပဒေစာအုပ်များ၊ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့်ဆုရစာစီစာကုံးများကို ကြည့်ရှုအားပေးကြောင်းသိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# သဲကုန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲများ စတင်ဖြေဆို



သဲကုန်း ဇွန် ၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှကြီးမှူး၍ အစိုးရပါဠိပထမပြန်စာမေးပွဲကို ဇွန်လ ၄ ရက်က အမှတ်(၁) ရပ်ကွက် ဘုရားကြီးလမ်းရှိ သာရမဏ္ဍူသာမိုးကောင်းဘုရားဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို သဲကုန်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းအသီးသီးမှ ရဟန်းရှင်သာမဏေ၊ သာသနာ့နွယ်ဝင်သီလရှင်များ ဝင်ရောက်ဖြေဆိုကြပြီး ပထမကြီးတန်းတွင် လေးပါး၊ ပထမလတ်တန်းတွင် ၁၂ ပါး၊ ပထမငယ်တန်းတွင် ၁၅ ပါး၊ အခြေပြုမူလတန်းတွင် ၃၂ ပါး စုစုပေါင်း ၆၃ ပါး ဖြေဆိုလျက်ရှိရာ အဆိုပါစာမေးပွဲဖြေဆိုနေမှုများကို သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ မြို့သစ်ကျောင်းတိုက် ဦးစီးပဓာနနာယက မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဦးဩသနှင့် ဩဝါဒါစရိယဆရာတော်များက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲကို ဇွန်လ ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပလျက်ရှိရာ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းစာမေးပွဲများကို နေ့ရက်အလိုက် ကျင်းပလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေး

မင်းဘူး ဇွန် ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ရောဝတီမြစ်ကမ်းဘေးနှင့် မန်းချောင်းဘေးရှိ မြို့ပေါ်ရပ်ကွက်များနှင့်မြေနိမ့်ပိုင်းကျေးရွာများ၌ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ဇွန်လ ၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်းအဖွဲ့က ရောဝတီမြစ်ကမ်းနှင့်မန်းချောင်းဘေးတစ်လျှောက် မြေနိမ့်ပိုင်းမြို့ပေါ်ရပ်ကွက်များ၊ ဈေးနှင့် လူစည်ကားရာနေရာများ၊ ကျေးရွာများ၌နေထိုင်ကြသူများ၊ အခြေခံပညာကျောင်းများ၌ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများကို ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ကြိုတင်သတိပေးခြင်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ နေ့စဉ်ထုတ်ပြန်သည့် မိုးရေချိန်လက်မနှင့် မြစ်ရေခန့်မှန်းချက်များ၊ ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်ဖြစ်ပွားပါက လုပ်ဆောင်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များအား အသိပေးလှုံ့ဆော်ခြင်းကို ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# အရေပြားကိုကောင်းကျိုးပြုသော သဘာဝအက်စစ်များ

လူ့ခန္ဓာကိုယ်ကျန်းမာရေးအတွက် ဗီတာမင်သက်စောင့်ဓာတ်အပါအဝင် အဖိုးတန်အာဟာရဓာတ်များကိုရရှိရန် နေ့စဉ်စားသုံးသည့် အသီးအရွက်၊အသီးအနှံများတွင် သဘာဝလက်ဆောင်အဖြစ် ရယူသုံးစွဲရန်လိုအပ်သည်။ များပြားလှသည့် သဘာဝအာဟာရဓာတ်ပစ္စည်းများထဲမှ အရေပြားအကျိုးပြုအက်စစ်ဓာတ်များလည်း ပါဝင်သည်။ အဆိုပါအက်စစ်များကို အရေပြားနုပျိုလန်းဆန်းစေရန် နည်းအမျိုးမျိုးဖြင့်သုံးစွဲနေကြသည်။

အဆိုပါအကျိုးပြုအက်စစ်ဓာတ်များသည် သဘာဝကပေးသောအက်စစ်ဖြစ်၍ သဘာဝအက်စစ်ဟုခေါ်သည်။ တချို့မှာ အော်ဂဲနစ်အက်စစ်ဖြစ်သည်။ ဓာတုပစ္စည်းလုံးဝမသုံးစွဲသည့် စိုက်ပျိုးထုတ်လုပ်ရာမှရသည့် အသီးအနှံများကို အော်ဂဲနစ်အသီးအနှံများဟုခေါ်သကဲ့သို့ အော်ဂဲနစ်အက်စစ်ဟုခေါ်သည်။ ဂလိုင်ကောလစ်အက်စစ်သည် ကြံပင်မှရသည်။ မယ်လစ်အက်စစ်သည် ပန်းသီးမှရရှိသည်။ တာတာရစ်အက်စစ်သည် စပျစ်သီးမှရရှိသည်။ စစ်ထရစ်အက်စစ်သည် အရည်ရွှမ်းသောအချဉ်သီးမှရရှိသည်။ လက်တစ်အက်စစ်သည် အသီးအနှံမှမဟုတ်ဘဲ နို့ချဉ်၊ ဒိန်ချဉ်တွင် များစွာပါဝင်သည်။ သဘာဝအက်စစ်များသည် ဖွဲ့စည်းပုံအနည်းအများတူညီသကဲ့သို့ အယ်လ်ဖာဟိုက်ဒြောက်ဆီအက်စစ်အမည်ပေးတတ်သည်။

သဘာဝအက်စစ်များက ဆိုးကျိုးထက် ကောင်းကျိုးပိုများသည်။ ထို့ကြောင့် အရေပြားနုပျိုလန်းဆန်းကျန်းမာစေရန်အတွက် အဆိုပါအက်စစ်များကို အဓိကထားအသုံးပြုသင့်သည်။

အရေပြားအကျိုးပြုအက်စစ်များ၏ အဓိကအာနိသင်က အရေပြားအပေါ်လွှာမှ ဆဲလ်ကလာပ်စည်းများကို ဖွံ့ဖြိုးမှုမြန်ဆန်စေသည်။ အရေပြား၏အပြင်ဘက်ဆုံး၊ အပေါ်ဆုံးတွင်ရှိသည့် ကြမ်းတမ်းသောဆဲလ်ကလာပ်စည်းအဟောင်းများကို ဖယ်ရှားပေးကာ နုပျိုသစ်လွင်သောဆဲလ်ကလာပ်စည်းအသစ်များနှင့်အစားထိုးပေးနေသည့် အစွမ်းသတ္တိပါရှိသည်။

ရွက်အိုရွက်ဟောင်းများနေရာတွင် ရွက်နုသစ်များနှင့်အစားထိုးသည့်အခါ စိုပြည်တင့်တယ်မှုရှိလာသည်။ ထို့အတူ သဘာဝအက်စစ်များ ပါဝင်သည့်အသီးအနှံများကိုစားမည်ဆိုပါက ခြောက်သွေ့သောအရေပြားအစား အသားအရေနူးညံ့တင်းရင်းသည့်အရေပြားကိုရရှိစေမည်ဖြစ်သည်။ နောက်ထပ်အစွမ်းသတ္တိမှာ အရေပြား၏အလယ်လွှာကိုလည်း အားကောင်းစေကာ အလယ်လွှာရှိ ကော်လာဂျင်၊ အီလက်စတင်အမျှင်များဖွံ့ဖြိုးလာစေသည်။ ထို့ပြင် အရေပြားအလယ်လွှာထဲမှ အဓိကအမာခံပစ္စည်းဖြစ်သည့် မြူကိုပေါ်လီစက်ခရိုက်တစ်သျှူးကို တိုးပွားစေကာ အသားအရေနုပျိုစေသည့်အပြင် အရေးအကြောင်းကင်းစင်စေသည်။

သဘာဝအက်စစ်များကို အရေပြားထိန်းသိမ်းခြင်းအလှကုန်ပစ္စည်းများတွင် ထည့်သွင်းအသုံးပြုကြသည်။ အဆိုပါအလှကုန်ပစ္စည်းများတွင် ဂလိုင်ကောလစ်အက်စစ်ကို အသုံးများသည်။ ဖွဲ့စည်းပုံအရ မော်လီကျူးအရွယ်သေးငယ်သောကြောင့် လိမ်းလိုက်ပါက အရေပြားထဲအလွယ်တကူစိမ့်ဝင်နိုင်သည်။ ဂလိုင်ကောလစ်အက်စစ်ကို ဓာတုပေါင်းတင်ခြင်းပြုလုပ်ရာတွင် ပင်တိုင်ပစ္စည်းအဖြစ် အသုံးပြုကြသည်။ အဆိုပါပေါင်းတင်နည်းသည် အရေပြား၏အပေါ်လွှာကို အက်စစ်လျှော့ဖြင့်စားပြီး ကလာပ်စည်းအသစ်များနှင့်အစားထိုးစေရန် လုပ်ဆောင်ပေးသည့်နည်းဖြစ်သည်။

အက်စစ်၏ပြင်းအားကို လိုအပ်သည့်ပေါ်မူတည်၍ ချိန်ဆသုံးရသည်။ ပြင်းအားများပါက အရေပြား၏ အလယ်လွှာရောက်သွားသဖြင့် တင်းတိပ်နှင့်အမာရွတ်များကုစားရာတွင် အသုံးတည့်သည်။ မသုံးတတ်ပါက အန္တရာယ်များသည်။ ပေါင်းတင်သည့်အခါ အက်စစ်ကို အရေပြားပေါ်၌(၂-၃)မိနစ်ထားရပြီး ချက်ချင်းပြန်လည်သန့်စင်ပေးရသည်။ သာမန်အလှကုန်ပစ္စည်းများမှာ ယင်းသဘာဝအက်စစ်များ၏ ပြင်းအားကို ခပ်ပျော့ပျော့ထည့်သွင်းဖော်စပ်ထားကြသည်။

အလှကုန်ပစ္စည်းများ၌ သဘာဝအက်စစ်များ အဓိကသုံးကြသည်မှာ အရေပြားနုပျိုစေရေးပင်ဖြစ်သည်။ အရွယ်တင်နုပျိုစေရန်၊ အရေးကြောင်းမပေါ်စေရန်၊ အရေပြားနူးညံ့ချောမွေ့စေရန်၊ နေလောင်သည့်အရေပြားပြန်လည်နာလန်ထူစေရန် စသည့်ရည်ရွယ်ချက်များနှင့် ထုတ်လုပ်ရောင်းချကြခြင်းဖြစ်သည်။ အဆိုပါရည်ရွယ်ချက်အမျိုးမျိုးနှင့် ထုတ်လုပ်ရောင်းချသည့်အခါ သဘာဝအက်စစ်များနှင့်အတူ တခြားပစ္စည်းများပါထည့်သွင်းဖော်စပ်ကြသည်။ အရေပြားနေရောင်ဒဏ်ခံရန် တခြားလိုအပ်သည့် ဓာတုပစ္စည်းများပေါင်းစပ်ပေးရသည်။ ထို့ပြင် အရေပြားလောင်ခြင်းကိုလျှော့သွားစေရန်၊ အရေပြားအစိုဓာတ်ထိန်းခရင်မ်လည်း တွဲဖက်သုံးရသည်။ သို့မှသာ အက်စစ်ကြောင့် အသားအရေမခြောက်ရန်ဖြစ်သည်။

မျက်နှာချောမွေ့လှပရန် မျက်နှာပေါ်သို့ ခရမ်းချဉ်သီး၊ သခွားသီး၊ ပန်းသီး၊ လိမ္မော်သီး၊ အာလူး စသည့်သီးနှံများကို ကပ်ခြင်းပြုလုပ်ကြသည်။ ပျားရည်၊ ဒိန်ချဉ်၊ ကြက်ဥအကာ၊ ရေ သမကာလိမ်းကြသည်။ သဘာဝအသီးအနှံများနှင့်အရေပြားကို ချောမွေ့စေရန်ပြုလုပ်ခြင်းဖြစ်သည်။ သဘာဝအက်စစ်အပြင် ဗီတာမင် C အပါအဝင် တခြားဗီတာမင်နှင့်အာဟာရများကို အရေပြားထဲစိမ့်ဝင်စေရန် ဖန်တီးကြသည်။ သို့သော် အရေပြားသည် အထဲကို ဓာတုပစ္စည်းတစ်ခုခုစီးဝင်၊ စိမ့်ဝင်ရန်မလွယ်ပေ။ မော်လီကျူးအရွယ်သေးငယ်မှဝင်နိုင်သည့် ဓာတုဗေဒပေါင်းတင်နည်းကဲ့သို့ အကျိုးမရှိနိုင်ပါ။

"သဘာဝအက်စစ်များကို အရေပြားထိန်းသိမ်းခြင်းအလှကုန်ပစ္စည်းများတွင် ထည့်သွင်းအသုံးပြုကြသည်။ အဆိုပါအလှကုန်ပစ္စည်းများတွင် ဂလိုင်ကောလစ်အက်စစ်ကို အသုံးများသည်။ ဖွဲ့စည်းပုံအရ မော်လီကျူးအရွယ်သေးငယ်သောကြောင့် လိမ်းလိုက်ပါက အရေပြားထဲ အလွယ်တကူစိမ့်ဝင်နိုင်သည်။ ဂလိုင်ကောလစ်အက်စစ်ကို ဓာတုပေါင်းတင်ခြင်းပြုလုပ်ရာတွင် ပင်တိုင်ပစ္စည်းအဖြစ် အသုံးပြုကြသည်။ အဆိုပါပေါင်းတင်နည်းသည် အရေပြား၏အပေါ်လွှာကို အက်စစ်လျှော့ဖြင့်စားပြီး ကလာပ်စည်းအသစ်များနှင့်အစားထိုးစေရန် လုပ်ဆောင်ပေးသည့်နည်းဖြစ်သည် . . ."

အထက်ပါအက်စစ်ဓာတ်များက သဘာဝအက်စစ်များဖြစ်သော်လည်း အခန့်မသင့်ပါက သို့မဟုတ် ပြင်းအားများပါက အရေပြားလောင်တတ်သည်။ အသားအရေစပ်ဖျဉ်းဖျဉ်း၊ အရေပြားယားယံခြင်းနှင့် ရောင်ရမ်းခြင်းကြုံရတတ်သည်။ ထို့ကြောင့် ထိခိုက်လွယ်အရေပြားပိုင်ရှင်များ အနေဖြင့် သတိပြုသုံးစွဲသင့်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ဒေါက်တာလွင်သန့်

## လှိုင်းဘွဲ့မြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကျင်းပ

**လှိုင်းဘွဲ့ ဇွန် ၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့မဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ဇွန်လ ၄ ရက် မွန်းလွဲပိုင်းကကျင်းပသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို စာမေးပွဲကြီးကြပ်ရေး ဆရာတော်/သံဃာတော်များနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေး ဦးစီးဌာနနှင့် တာဝန်ရှိသူတို့က ကြီးကြပ်ဆောင်ရွက်ကာ အစိုးရပါဠိပထမပြန်စာမေးပွဲကို ပထမကြီးတန်းတွင် စာဖြေသံဃာ တစ်ပါး၊ ပထမလတ်တန်းတွင် လေးပါး၊ ပထမငယ်တန်းတွင် ၁၆ ပါး၊ အခြေပြုမူလတန်းတွင် ၅၅ ပါး စုစုပေါင်း စာဖြေသံဃာ ၇၆ ပါးဖြင့် ဝင်ရောက်ဖြေဆိုကြပြီး လှိုင်းဘွဲ့မြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ဇွန်လ ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

## ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



**တောင်ကြီး ဇွန် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဇွန်လ ၅ ရက် နံနက်ပိုင်းတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Clip ပြသသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုနှင့် စက်ရုံဆုရရှိသူများအား ကျောက်စီပန်းချီကားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင်ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆုရရှိသည့် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်ကျောင်းများအား ဂုဏ်ပြုဆုငွေ၊ ကျောက်စီပန်းချီကားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ရှမ်းပြည်နယ်အတွင်း သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းဖော်ဆောင်ရန် ပါဝင်ကူညီလှူဒါန်းပေးသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း အသီးသီးပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးပြခန်းအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(၄၀၅)

## မြိတ်ခရိုင်အတွင်း၌ မိုးစပါးဧက တစ်သိန်းကျော် လျာထားစိုက်ပျိုးမည်



**မြိတ် ဇွန် ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် လယ်ယာဧက တစ်သိန်းကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များဖြစ်ကြသည့် မြိတ်မြို့နယ်တွင် လယ်ယာ ၄၂၄၇၆ ဧက၊ ကျွန်းစုမြို့နယ်တွင် လယ်ယာ ၁၃၀၅၄ ဧက၊ ပုလောမြို့နယ်တွင် လယ်ယာ ၃၉၆၈၇ ဧကနှင့် တနင်္သာရီမြို့နယ်တွင် လယ်ယာ ၂၃၁၉၃ ဧက စုစုပေါင်း မိုးစပါးစိုက်ပျိုးရန် လယ်ယာဧက တစ်သိန်းကျော်ကို လျာထားစိုက်ပျိုးမည်ဖြစ်သည်။

မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ မိုးစပါးစိုက်တောင်သူများက မိုးစပါးစိုက်ပျိုးခြင်းတို့ကို မေလကုန်ပိုင်းတွင် လုပ်ကိုင်ဆောင်ရွက်ကြပြီး တောင်သူများမှ မိုးစပါးများစိုက်ပျိုးလုပ်ကိုင်ရာတွင် လယ်ယာလုပ်ငန်းခွင်အချိန်မီပြီးစီးရန်၊ အချိန်ကိုက်အချိုးကျ သွင်းအားစုများထည့်သွင်းနိုင်ရန်၊ သီးနှံပိုးမွှားရောဂါအန္တရာယ်များမှကင်းဝေးပြီး အောင်မြင်ဖြစ်ထွန်းရန်၊ တစ်ဧက အထွက်နှုန်း တိုးစေရန်အတွက် သက်ဆိုင်ရာ မြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိုးစပါးများ မစိုက်ပျိုးမီကြိုတင်၍ တောင်သူများနှင့်တွေ့ဆုံကာ တောင်သူအကျိုးပြုစိုက်ပျိုးရေးနည်းပညာများနှင့် အသိပညာပေးဆွေးနွေးပို့ချခြင်းများကို ကျေးရွာများအလိုက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေကြောင်း သိရသည်။

(၄၁၂)

## မုတ်သုံလာပြီ တို့မြန်ပြည်

❖ မြေသင်းရနံ့၊ လေညင်းပျံ့ထုံ
မုတ်သုံလာပြီ၊ တို့မြန်ပြည်မို့
ဝေစည်စိမ်းလန်းပေတော့မည်။

❖ ပူပြင်းကြောင့်ကြ၊ တောင့်တမှုများ
တွန်းပယ်ရှားကာ၊ နှံ့ပြားတိုးဆက်
မိုးသက်လေအေး၊ ဆောင်ယူပေးသည့်
မိုးတေးထံတျာသာယာသည်။

❖ မုတ်သုံဂီတ၊ ကြည်မြချိုဆိမ့်
ဂျိုးဂြိမ့်ဂြိမ့်နှင့်၊ တိုးသိမ့်ဟစ်ကြွေး
မိုးကြိုတေးသွား၊ ပြေးအလွှားကြို
မြေကိုအမွှမ်းတင်အလှဆင်မည်။

❖ ထွန်တုံးကိုပြင်၊ လုပ်ငန်းခွင်ထက်
သွက်လက်လှုပ်ရှား၊ သည့်မြေတစ်လွှားမှာ
လှုပ်ရှားသန်မြန်၊ အားမာန်နိုးကြား
ရိုးရိုးသားသား၊ တို့ကြိုးစားမှ
လယ်သမားနိုင်ငံအောင်ပွဲခံမည်။

❖ အို...
မုတ်သုံပက်ဖျန်း၊ ရေကြည်ဆမ်းလို့
ပန်းတောင်လိုပုံ၊ ရောင်စုံရှုခင်း
ယာလယ်ကွင်းထက်၊ သွက်လက်လှုပ်ရှား
စပါးဆန်ရေ၊ ပေါ်ပြည့်စေကြောင်း
ဝေဖြာအတိတ်၊ နိမိတ်ကောင်းတွေ
ခညောင်းဝေဆာ၊ ပြည်ရွာအေးချမ်း
ဘေးမသန်းကြ၊ မြန်မာ့ရေမြေ
သာယာပါစေ ဆုခြွေရည်။
မျှော်လင့်ချက်တွေပြည့်စေမည်။ ။

**အကျော်ပင်**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၆-၂၀၂၅ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော်<br>မေတ္တာပို့<br>ကိုယ်လက်လှုပ်ရှား<br>အားကစား |
| ၂။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၃။ | ၁၀:၀၀ | သီချင်းလက်ဆောင် |
| ၄။ | ၁၁:၀၀ | Sport Review |
| ၅။ | ၁၂:၀၀ | ရေးမြန်မာမင်းများ၏<br>ခေါင်းဆောင်မှု |
| ၆။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ<br>ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၇။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာ အနုပညာ |
| ၈။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၉။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား<br>သတင်းမှန်များ<br>မွေးမြူသုတ |
| ၁၀။ | ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာ<br>ဂါရဝေါစ နိဝါတောစ |

# ကန်ကြီးထောင့်မြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ထယ်ထိုးမြေမြှုပ်ခြင်းဆောင်ရွက်



**ကန်ကြီးထောင့် ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ထယ်ထိုးမြေမြှုပ်ခြင်းအခမ်းအနားကို ဇွန်လ ၅ ရက်တွင် ကွင်းယားအရှေ့ကျေးရွာအုပ်စု ကွင်းယားအရှေ့ကျေးရွာ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများတက်ရောက်ကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကွင်းယားအရှေ့ကျေးရွာရှိ ဦးပိုင်အမှတ် (၉/စ) တောင်သူဦးဆန်းဦး၏ လယ်သုံးဧက၌ သစ်စိမ်းမြေဩဇာ( ပိုက်ဆန်လျှော်)အား ထယ်ထိုးမြေမြှုပ်ခြင်းကို ကြည့်ရှုအားပေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

လယ်ယာမြေများတွင် ပိုက်ဆန်လျှော်စိုက်ပျိုး၍ သစ်စိမ်းမြေဩဇာအဖြစ် ထယ်ထိုးမြေမြှုပ်ခြင်းဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချနိုင်ပြီး မြေဆီလွှာ၏ ချဉ်ငန်ဓာတ်ကိုလည်း ထိန်းညှိပေးနိုင်သည့်အကျိုးကျေးဇူးများရရှိနိုင်ခြင်း၊ အပင်ကြီးထွားမှုမြန်ဆန်ပြီး ပေါင်းမြက်ပေါက်ရောက်မှုကို လျှော့နည်းစေခြင်း၊ မြေဆီလွှာအတွင်းရှိ အကျိုးပြုသက်ရှိများကိုလည်း အသက်ရှင်တိုးပွားစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေကြောင်း သိရသည်။

ပိုက်ဆန်လျှော်ကို သက်တမ်း ၄၅ ရက်သားတွင် မြေအတွင်းသို့ထည့်သွင်းမြေမြှုပ်ပါက တစ်ဧကလျှင် သစ်စိမ်းမြေဩဇာ ၅ တန်မှ ၇ တန်အထိ ရရှိနိုင်ကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

# ဘူဆန်နိုင်ငံတကာ ပင်လယ်စာနှင့် ငါးလုပ်ငန်းထွက်ကုန်များ ပြပွဲ(၂၀၂၅) တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရန်ဖိတ်ခေါ်

**ရန်ကုန် ဇွန် ၅**

တောင်ကိုရီးယားနိုင်ငံ၌ နိုဝင်ဘာလ ၅ ရက်မှ ၇ ရက်အထိကျင်းပမည့် ဘူဆန်နိုင်ငံတကာပင်လယ်စာနှင့် ငါးလုပ်ငန်းထွက်ကုန်များပြပွဲ (၂၀၂၅) တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရန် သက်ဆိုင်ရာမှ ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

ဘူဆန်နိုင်ငံတကာပင်လယ်စာနှင့် ငါးလုပ်ငန်းထွက်ကုန်များပြပွဲတွင် မြန်မာနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေးအတွက် ၃ မီတာပတ်လည်ရှိသော ပြခန်းတစ်ခန်းကို ပြပွဲကျင်းပရေးကော်မတီမှ အခမဲ့စီစဉ်ပေးမည်ဖြစ်ပြီး နောက်ထပ်ပြခန်းများ ထပ်မံငှားရမ်းလိုပါက အဆင်ပြေစေရန် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် ပါဝင်ပြသရန် Visa လျှောက်ထားခြင်း၊ ပြသမည့်ပစ္စည်းများ သယ်ယူခြင်းနှင့် တောင်ကိုရီးယားနိုင်ငံအတွင်း နေထိုင်သွားလာခြင်းများအတွက် ကုန်ကျစရိတ်များကို မိမိတို့အစီအစဉ်ဖြင့် အကုန်အကျခံ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ပါဝင်ပြသလိုသည့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း- ၀၆၇-၄၀၈၆၂၃ နှင့် E-mail- event.td.myantrade@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **ဆောင်းဦး**

# ကျွန်းစုမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ကျွန်းစု ဇွန် ၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူးကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၅ ရက်က ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဝင်းအတွင်း သတ်မှတ်ကွင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဝင်းနှင့်တာဝန်ရှိသူများက စိုက်ပျိုးမည့်ပျိုးပင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်ခဲ့ပြီး သစ်ပင်စိုက်ပျိုးပွဲကို သတ်မှတ်နေရာ၌ ကျင်းပရာ တက်ရောက်လာကြသူများက စုပေါင်းပါဝင်စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက စုစုပေါင်း အပင် ၄၂၀ ကို သတ်မှတ်နေရာ၌ စုပေါင်းစိုက်ပျိုးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဝင်းနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။



အဆိုပါသစ်ပင်စိုက်ပျိုးပွဲကို သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လှပစေရန်၊ မြေအောက်ရေထိန်းသိမ်းခြင်းကို အထောက်အကူပြုစေရန်၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတတ်စေရန်နှင့် သစ်ပင်များကို စနစ်တကျစိုက်ပျိုးပြုစုထိန်းသိမ်းတတ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# တောင်တွင်းကြီးမြို့နယ် ကံလှကန်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်




**တောင်တွင်းကြီး ဇွန် ၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တောင်တွင်းကြီးမြို့နယ် ကံလှကန်ကျေးရွာအုပ်စု ကံလှကန်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျန်က သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ သင်တန်းမှရရှိလာမည့် အကျိုးကျေးဇူးများနှင့် သင်တန်းသားများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးသည့်သင်ခန်းစာများကို ကြိုးစားသင်ယူမှတ်သားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများကို သဘာဝမြေဩဇာပြုလုပ်နည်းများ လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲသို့ ကံလှကန်ကျေးရွာမှ သင်တန်းသားဦးရေ ၂၀ ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇွန်လ ၄ ရက်မှ ၆ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**နွဲ့ယဉ်**


# စိန်ရတုမှသည် ရတုပေါင်းများစွာတိုင်ခိုင်မြဲနေမည့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နှင့်အညီ ချစ်ကြည်ရင်းနှီးစွာနေထိုင်လာခဲ့ကြသည်မှာ ယခုအခါ(၇၅)နှစ်ပြည့်တော့မည်ဖြစ်သည်။ နှစ်နိုင်ငံရှိခေါင်းဆောင်များ အဆက်ဆက် ချစ်ကြည်ရင်းနှီးမှုများရှိနေသကဲ့သို့ ပြည်သူများအချင်းချင်းသည်လည်း ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့်အညီနေထိုင်လျက်ရှိသည်။ မြန်မာနိုင်ငံသည်အိမ်နီးချင်းနိုင်ငံများနှင့်ပတ်သက်လာလျှင် စိတ်ကောင်းစေတနာကောင်းဖြင့် မိတ်ဆွေကောင်းပီသစွာနေထိုင်လျက်ရှိသည်။ မြန်မာနိုင်ငံအစိုးရအဆက်ဆက်သည်လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုလျက်ရှိသည်။ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကိုလည်း စောင့်ထိန်းလျက်ရှိသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု စတင်ခဲ့သည်။

ဤသည်မှာ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် ခေတ်သစ်ကာလတွင် သံတမန်ဆက်ဆံရေးစတင်ခြင်းဖြစ်သော်လည်း နှစ်နိုင်ငံ၏ချစ်ကြည်ရင်းနှီးမှု၊ ဆွေမျိုးပေါက်ဖော်ဆက်ဆံမှု၊ ယဉ်ကျေးမှုကူးလူးဆက်ဆံမှုတို့မှာ ရှေးယခင်နှစ်ပေါင်းများစွာကတည်းကတည်ရှိနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏သမိုင်းတင်ခေတ်ဦးဖြစ်သောပျူခေတ်ကပင် မြန်မာနှင့်တရုတ်တို့၏ဆက်ဆံရေးများရှိခဲ့သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရေးသံတမန်များသွားလာခြင်းများရှိခဲ့သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်အိမ်နီးချင်းဆက်စပ်မှုနယ်ပယ်ရှည်လျားဆုံးဖြစ်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံသည် အပြန်အလှန်ကူညီမှုများစွာရှိခဲ့သည်။ ဘာသာရေးနှင့်ယဉ်ကျေးမှုမှာတူညီမှုရှိပြီး မြတ်ဗုဒ္ဓ၏အထက်လက်ဝဲစွယ်တော်သည် တရုတ်နိုင်ငံတွင်ရှိသည်။ မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်ကြွရောက်အဖူးမြော်ခံခြင်းများရှိခဲ့သည်။ ဤသည်မှာ ဘာသာရေးအရ တူညီမှုရှိခြင်းကိုပြဆိုခြင်းဖြစ်သည်။

ယခုနှစ်သည် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး ထူထောင်ခြင်း(၇၅)နှစ်ပြည့် စိန်ရတုကာလဖြစ်သဖြင့် နှစ်နိုင်ငံအတွက်ထူးခြားလေးနက်မှုရှိသည်။ ဇွန်လ ၁ ရက်နေ့က အနာဂတ်ဆီသို့အတူလက်တွဲလျှောက်လှမ်းမည့် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး ထူထောင်ခြင်း(၇၅)နှစ်ပြည့်အထိမ်းအမှတ် နှစ်နိုင်ငံမီဒီယာဆွေးနွေးပွဲအခမ်းအနားကို နေပြည်တော်၌ ကျင်းပခဲ့သည်။ မြန်မာနှင့်တရုတ်မီဒီယာပူးပေါင်းဆောင်ရွက်မှုမှာ ဆယ်စုနှစ်များစွာကြာမြင့်ခဲ့ပြီး ရင်းနှီးခင်မင်သောကူးလူးဖလှယ်မှုများရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံမီဒီယာများက ကမ္ဘာအနှံ့သိရှိအောင် အချိန်နှင့်တစ်ပြေးညီ မျှဝေပေးနိုင်ခဲ့သည့်အတွက် ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်များစွာအထောက်အပံ့ဖြစ်ခဲ့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံမီဒီယာဆက်ဆံမှုခိုင်မြဲလျက်ရှိကြောင်း သိရှိနိုင်သည်။



တရုတ်နိုင်ငံအနေဖြင့် ငလျင်ဘေးသာမက မြန်မာနိုင်ငံတွင် ရာဂိမုန်တိုင်းဒဏ်ခံရစဉ်ကလည်း ကူညီထောက်ပံ့မှုများပေးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံနှင့်ပတ်သက်လာလျှင် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုအစဉ်တစိုက်လက်ကိုင်ထားပြီး ကမ္ဘာ့အရေးကိစ္စများတွင် တရုတ်နိုင်ငံဘက်ကအမြဲရပ်တည်လျက်ရှိသည်။ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကမ္ဘာ့စာမျက်နှာများတွင် မြန်မာနိုင်ငံဘက်က အစဉ်တစိုက်ရပ်တည်ခဲ့သည်များကိုလည်း မြန်မာပြည်သူများအနေဖြင့် အလေးထားလျက်ရှိသည်။ အိမ်နီးချင်းများမှာ အပြန်အလှန်အကျိုးပြုစောင့်ရှောက်ခြင်းဖြင့် ပိုမိုနီးကပ်သည့်ဆက်ဆံရေးကို ဖော်ဆောင်လာနိုင်မည်ဖြစ်သည်။ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းပြီး စည်းလုံးညီညွတ်မှုခိုင်မာစေမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ဆိုရိုးစကားတစ်ခုဖြစ်သည့် "ဝေးကွာနေသောဆွေမျိုးသည် အနေနီးသော အိမ်နီးချင်းလောက်မကောင်းနိုင်ပါ" ဆိုသည့်အတိုင်း အိမ်နီးချင်းကောင်းရှိခြင်းမှာ အေးချမ်းလုံခြုံသော အိမ်ကိုပိုင်ဆိုင်ထားခြင်းဖြစ်သည်။ ထို့ပြင် တရုတ်စကားပုံတစ်ခုတွင် "အဝတ်အစားသစ်လျှင်အကောင်းဆုံးဖြစ်သည်။ မိတ်ဆွေဟောင်းလျှင် ပို၍အကောင်းဆုံးဖြစ်သည် "ဟုဆိုထားပေရာ မြန်မာနှင့်တရုတ်နိုင်ငံသည် မိတ်ဆွေဟောင်းနိုင်ငံများဖြစ်ကြသည်။ အာဆီယံအသိုက်အဝန်းတွင်လည်းကောင်း၊ မဲခေါင်-လန်ချန်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင်လည်းကောင်းပူးပေါင်းပါဝင်မှုများက နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုခိုင်မြဲစေသည်။ အရေးကြုံတိုင်း မိတ်ဆွေကောင်းတို့က ဦးစွာကူညီမှုပေးကြသည်။ တရုတ်နိုင်ငံမှ အစိုးရ၊ တပ်မတော်၊ ဒေသခံပြည်သူနှင့်အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် လူပေါင်း ၆၀၀ ကျော်ပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့ ၃၁ ဖွဲ့ကို မန္တလေးငလျင်ကြောင့် အတိဒုက္ခရောက်သည့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် လာရောက်ခဲ့သည်မှာလည်း မိတ်ဆွေကောင်းတို့၏ တာဝန်ကျေပွန်မှုဖြစ်သည်။ ငလျင်လှုပ်ခတ်ပြီး ၁၈ နာရီအတွင်း တရုတ်နိုင်ငံမှကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ကို မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိခဲ့ခြင်းမှာလည်း ချစ်ကြည်ရင်းနှီးမှု၏ပြယုဂ်ပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင်ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ခဲ့သည်။ ထိုသို့တက်ရောက်ခဲ့သည့် မေလ ၉ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် Soluex Hotel Moscow ရှိ BEIJING ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတမစ္စတာရှီကျင့်ဖျင်က "မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ဆုံးရှုံးရမှုများအတွက် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုနှင့်ထပ်တူဝမ်းနည်းရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့အတူတကွလက်တွဲ၍ ပြန်လည်တည်ဆောက်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အကောင်းဆုံးဆက်လက်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာဆက်ဆံရေးသည် ယခုနှစ်တွင် ၇၅ နှစ်ရောက်ရှိပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးတို့ကို အမြဲထောက်ခံအားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် **"မိမိတို့မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ဖြစ်ပေါ်ခဲ့မှုကြောင့် ခက်ခဲမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အချိန်၌ အဆွေတော်အနေဖြင့် မြန်မာပြည်သူလူထုနှင့်ထပ်တူဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခဲ့ပြီး အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းပေးခဲ့ပါကြောင်း၊ ထို့ပြင် ငလျင်လှုပ်ခတ်မှုအပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရေးအကြီးဆုံးအချိန်ဖြစ်သည့် (Golden Hour)တွင် တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ငလျင်လှုပ်ခတ်ပြီး ၁၈ နာရီအကြာ၌ မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိလာခဲ့ပြီး လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးခဲ့ကြောင်း၊ တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအတွက် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအကူအညီများကိုလည်းပေးအပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူများအနေဖြင့် တရုတ်နိုင်ငံအစိုးရ၏ ကူညီဆောင်ရွက်ပေးမှုများအပေါ် အစဉ်အမြဲကျေးဇူးတင်အမှတ်ရနေမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စများနှင့်ပတ်သက်၍ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း"** ပြန်လည်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ယခုနှစ်ကုန်ပိုင်း၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် နိုင်ငံတကာမှလေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ကြိုတင်ပြင်ဆင်မှုများနှင့်ရွေးကောက်ပွဲကျင်းပခြင်းအား တရုတ်နိုင်ငံအနေဖြင့် အားပေးထောက်ခံသည်။ တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်အတူ အေးအတူပူအမျှ အနာဂတ်မျှဝေသောအသိုက်အဝန်းတစ်ခုကိုတည်ဆောက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံများဆိုင်ရာလုပ်ငန်းများအတွက် အခြေခံအသစ်များဖော်ဆောင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် မြန်မာနိုင်ငံအနေဖြင့်အားပေးထောက်ခံလျက်ရှိသည်။

မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ (၇၅)နှစ်မြောက် စိန်ရတုမှသည် ရတုနှစ်ပေါင်းများစွာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုခိုင်မြဲနေမည်ဟုယုံကြည်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ ဖြည့်ဆည်းပေးနိုင်ရန် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ကို အသွင်သစ်ဖြင့် လည်ပတ်ထုတ်လုပ်သွားမည်



နေပြည်တော် ဇွန် ၅

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ဧည့်ရိပ်သာ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကုမ္ပဏီမှတာဝန်ရှိသူများ၊ နည်းပညာပိုင်းဆိုင်ရာအကြံပေးအဖွဲ့တို့မှတာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက စက်ရုံတည်ဆောက်နေမှု၊ စက်ပစ္စည်းများထုတ်လုပ်နေမှု၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများနှင့် မြစ်ဖြတ်ပိုက်လိုင်းတည်ဆောက်နေမှု၊ သဘာဝဓာတ်ငွေ့ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ပေးနေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏စက်သုံးဆီလိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ ဖြည့်ဆည်းပေးနိုင်ရန် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ကို အသွင်သစ်ဖြင့် လည်ပတ်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် စီမံကိန်းအပိုင်း(၁)အဖြစ် တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ၅ သိန်းချက်လုပ်နိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအပိုင်း(၂)အဖြစ် တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ၃ သန်းချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံကိုလည်း ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ရေတိုရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းတစ်ခုလုံး ဆောင်ရွက်ပြီးစီးပါက နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်၏ ထက်ဝက်ခန့်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)တွင် စက်ရုံတည်ဆောက်မည့် မြေနေရာတွင် Pile Foundation လုပ်ငန်းများဆောင်ရွက်နေမှု၊ စက်ရုံအတွက်လိုအပ်သည့်သဘာဝဓာတ်ငွေ့များ ထိန်းချုပ်ဖြန့်ဖြူးပေးမည့် သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်း(သန်လျင်)၊ ရေနံစိမ်းနှင့်ရေနံထွက်ပစ္စည်းများသယ်ယူမည့် ပိုက်လိုင်းတည်ဆောက်ရန် လမ်းအူကြောင်းလျာထားနေရာများ၊ တောင်ဒဂုံ-သန်လျင်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း၏ ပဲခူးမြစ်ဖြတ်အပိုင်းတွင် Horizontal Directional Drilling စက်ဖြင့် တူးဖောက်ဆက်သွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အချိန်ကာလတွင်ပြီးစီးနိုင်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ နှစ်ခန်းတွဲ လေးခန်းပါ ဘာရှာများတည်ဆောက်ပြီးစီး



နေပြည်တော် ဇွန် ၅

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လျှောင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ နေထိုင်နိုင်ရန်နှင့် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ တည်ဆောက်ထားသည့် နှစ်ခန်းတွဲ လေးခန်းပါဘာရှာများ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း၌ Prefabricated Offices များတည်ဆောက်တပ်ဆင်ပြီးစီးမှုနှင့် အားကစားကွင်း၊ အားကစားရုံဌာနခွဲမှဝန်ထမ်းများ ရုံးလုပ်ငန်းများ အချိန်မီတင်ပြပေးပို့နိုင်ရေးအတွက် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြဝတီ

# တရုတ်-မြန်မာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်မြောက်ကို လှိုက်လှိုက်လှဲလှဲဂုဏ်ပြုခြင်းနှင့် ယဉ်ကျေးမှုဆွေးနွေးပွဲ နိုင်ငံတကာနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၅

တရုတ်-မြန်မာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်မြောက်ကို လှိုက်လှိုက်လှဲလှဲဂုဏ်ပြုခြင်းနှင့်ယဉ်ကျေးမှုဆွေးနွေးပွဲ နိုင်ငံတကာနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Hotel Ru Yi ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mrs.Ma Jia၊ ဦးနု-ဒေါ်မြရီဖောင်ဒေးရှင်း ဥက္ကဋ္ဌဟောင်း ဒေါ်သန်းသန်းနု၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦး၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းကျော်၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်တို့က အမှာစကား အသီးသီးပြောကြားကြသည်။ ထို့နောက် နှစ်နိုင်ငံမှ အနုပညာအဖွဲ့များက ယဉ်ကျေးမှုအနုပညာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ CITIC Star ဇာတ်လမ်းတိုပြိုင်ပွဲ၏ ဆုရလက်ရာများကို ပြသပြီး ယင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး တရုတ်-မြန်မာသီချင်းများ ပေါင်းစပ်ဖျော်ဖြေမှု ဒဏ္ဍာရီပုံပြင်အစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ **ဝန်းရံခ**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ်သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ မိုးရာသီနှင့်သက်ဆိုင်သည့် ခေတ်ပေါ်စတီရီယို တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **“မိုးဝသန်”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် (၆-၆-၂၀၂၅)ရက်(သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၆-၆-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “မိုးဝသန်” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မိုးဘယ်မှာရွာနေလဲ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၂။ | မျက်ရည်မိုး | ဌာနအဆိုရှင် |
| ၃။ | ကြာရွက်ထီးကလေးအောက်မှာ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | အသည်းဖျက်မယ့်မိုး | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | ရက်စက်တယ်မိုး | ပြင်ပအဆိုရှင် |
| ၆။ | ဆယ်လမွန်ငါးတို့အပြန် | ပြင်ပအဆိုရှင် |
| ၇။ | ရွာမယ်ဆိုရင်လေ | ပြင်ပအဆိုရှင် |
| ၈။ | အချစ်မိုး | ပြင်ပအဆိုရှင် |
| ၉။ | ဒီမိုး | ပြင်ပအဆိုရှင် |
| ၁၀။ | အချစ်ဦးရေသိပါစေ | ပြင်ပအဆိုရှင် |

# သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများ

မြင့်မြင့်ထွန်း(စိုက်ပျိုးရေးဦးစီးဌာန)

**ယမန်နေ့မှအဆက်**

အီးအမ်မြေဆွေးသည် အကျိုးပြုအဏုဇီဝသက်ရှိများကို သီးနှံစွန့်ပစ်ပစ္စည်းများ၊ တိရစ္ဆာန်ချေးများနှင့် စနစ်တကျရောနှောပြုလုပ်၍ရရှိသော မြေဆွေးဖြစ်သည်။ အီးအမ်မြေဆွေးပုံပြုလုပ်ရန်အတွက် ပထမဦးစွာ အသင့်သုံးအီးအမ်ဖျော်ရည်ပြုလုပ်ရမည်ဖြစ်သည်။ အသင့်သုံးအီးအမ်ဖျော်ရည်ရရှိရန်အတွက် အီးအမ်အပြင်း တစ်ဆ၊ တင်လဲရည် လေးဆအား ရေ ၉၅ ဆ ဖြင့် ရောစပ်ရမည်။ ယင်းတို့ကိုရောစပ်ပြီး သမအောင်လှုပ်ပေးပြီးနောက် လေလုံအောင် ပိတ်ထားရမည်။ ရောစပ်ပြီး သုံးရက်အကြာတွင် မူလအမည်းရောင်မှ အဝါရောင်သို့ ပြောင်းသွားမည်။ အဝါရောင်ပြောင်းပြီး ခုနစ်ရက်မှ ၁၀ ရက်အတွင်း သုံးစွဲရမည်ဖြစ်သည်။

အီးအမ်မြေဆွေးပြုပုံအဆင့်ဆင့်မှာ–

(က) ဖျော်စပ်ထားသည့် အသင့်သုံးအီးအမ်ဖျော်ရည် တစ်ဆ (တစ်လီတာ)+တင်လဲရည်တစ်ဆ (တစ်လီတာ)+ရေ၉၈ ဆ (၂၀ ဂါလန်) တို့ကို ရောစပ်ဖျော်၍ မြေဆွေးပုံပြုလုပ်ရာတွင် အသုံးပြုရမည်။ လယ်ယာစွန့်ပစ်ပစ္စည်းများအား ၎င်းအရည်တွင် စိမ်နှစ်၍ ဆယ်ယူစုပုံပေးပါ။ သို့မဟုတ် လယ်ယာစွန့်ပစ်ပစ္စည်းများအား အလျား ၆ ပေ၊ အနံ ၃ ပေ၊ ထု ၆ လက်မခန့် တစ်လွှာပြုလုပ်ပါ။ ၆ လက်မ အထူရရှိရန် ဖြန့်ခင်းပြီး သိပ်သည်းမှုရှိစေရန် လူဖြင့်နင်းရမည်။

(ခ) ထို့နောက် နွားချေး ရှစ်ပြည် ဖြူးပေးပြီး မြေဆွေးပြုလုပ်ရန် ဖျော်စပ်ထားသည့် အီးအမ်ဖျော်ရည် ၃ ဂါလန်ခန့်ကို နှံ့စပ်စွာ ဖျန်းပေးပါ။

(ဂ) ဤနည်းစဉ်အတိုင်း အလွှာခြောက်လွှာပြုလုပ်ပြီး မြေဆွေးပုံအမြင့် ၃ ပေခန့်အထိပြုလုပ်ပါ။

(ဃ) ထို့နောက် မြေဆွေးပုံအတွင်း ရေမဝင်စေရန်နှင့် အပုံအား အခြားလူ/တိရစ္ဆာန် ဖျက်ဆီးမှုမဖြစ်စေရန်အတွက် ပလတ်စတစ် သို့မဟုတ် အခြားစွန့်ပစ်ပစ္စည်းတစ်ခုခုဖြင့် လေလုံအောင် ဖုံးပေးရမည်။

(င) ခုနစ်ရက်မှ ၁၀ ရက်အတွင်း တစ်ဝက်တစ်ပျက်ဆွေးမြည့်စပြုချိန်တွင် သီးနှံစိုက်ခင်းပြုပြင်ချိန်၌ ထည့်သွင်းသုံးစွဲနိုင်သည်။ နှစ်ရှည်ပင်၊ ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်ခြံသီးနှံပင်များတွင် အစိုဓာတ်ရှိချိန်၌ ထည့်သွင်း၍ မြေဖုံးပြုလုပ်ပေးနိုင်သည်။

## (ခ) ဒိုချက်ကင်(Dochakin) သဘာဝမြေဩဇာပြုလုပ်ခြင်း

သဘာဝသစ်တောမြေများသည် အဏုဇီဝသက်ရှိပါဝင်မှုများသောကြောင့် မြေဆီဩဇာထက်သန်သော မြေများဖြစ်သည်။ မိမိတို့ဒေသအတွင်းရှိ သဘာဝသစ်တောမြေ၊ ဝါးရုံတောမြေများတွင်ပါဝင်နေသည့် အဏုဇီဝပိုးများကို မွေးမြူပွားများပြီး စိုက်ခင်းတွင် ပြန်လည်အသုံးပြုနိုင်သော အဏုဇီဝမြေဩဇာကို ဂျပန်ဘာသာဖြင့် ဒိုချက်ကင်ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ အဏုဇီဝသက်ရှိများကို မွေးမြူရာတွင် သာမန်သစ်ပင်များထက် ဝါးရုံပင်အောက်နှင့် ထူထပ်စွာပေါက်ရောက်နေသည့် သစ်တောသစ်ပင်အောက်များရှိ အဏုဇီဝများဖြင့် ပြုလုပ်ပါက ပိုမိုကောင်းမွန်သော ဒိုချက်ကင်ကို ရရှိမည်ဖြစ်သည်။ ဒိုချက်ကင်ကိုအသုံးပြုခြင်းအားဖြင့် မြေဆီလွှာအတွင်းရှိမဆွေးမြည့်သော အပင်အကြွင်းအကျန်များကို ဆွေးမြည့်စေပြီး အပင်အတွက် အာဟာရဓာတ်အဖြစ်ပြောင်းလဲရရှိစေခြင်း၊ မြေဆီလွှာအတွင်း လေဝင်လေထွက်၊ ရေဝင်ရေထွက်ကောင်းမွန်စေပြီး သီးနှံများကောင်းစွာဖွံ့ဖြိုးကြီးထွားစေခြင်း၊ သစ်ရွက်ဆွေး၊ နွားချေး၊ ဝက်ချေးများတွင် ရောဂါ/ပိုးမွှားများပါဝင်လာပါက မြေဆွေးပုံပြုလုပ်စဉ် အပူချိန်ကြောင့် နှိမ်နင်းပြီးဖြစ်သဖြင့် ရောဂါ/ပိုးမွှားကင်းစင်သော သဘာဝမြေဩဇာကောင်းများရရှိစေခြင်း၊ အာဟာရဓာတ်နည်းပါးစေပြီး စေးလွန်းသော/ကြမ်းလွန်းသောမြေများကိုကောင်းမွန်စေပြီး အာဟာရဓာတ်ထက်သန်လာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။


ဒိုချက်ကင်ပြုလုပ်ရာတွင် ပထမအဆင့်တွင် ဒိုချက်ကင်အဏုဇီဝမွေးမြူရမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် ဒိုချက်ကင်သဘာဝမြေဩဇာပြုလုပ်ရမည်ဖြစ်သည်။

### ဒိုချက်ကင်အဏုဇီဝမွေးခြင်း

လိုအပ်သောပစ္စည်းများ–

(၁) ဝါးရုံတောမြေ / သစ်တောမြေဆွေး
(၂) တင်လဲရည် (သို့) ထန်းလျက်
(၃) ဖွဲနု
(၄) နွားချေး၊ ဝက်ချေး၊ ကြက်ချေး
(၅) ကောက်ရိုး၊ ပေါင်းမြက်များ
(၆) စပါးခွံ


ဒိုချက်ကင်မွေးမြူရန် ဝါးရုံပင်(သို့)သစ်ပင်အောက်များတွင် လူတို့မီးမရှို့၊ ပြုပြင်ခြင်းမရှိ၊ တူးဆွထားခြင်းမရှိသည့်နေရာမှ အကျယ် ၃ ပေရှိသည့်နေရာမှ အပေါ်ယံမြေသား ၅–၆ လက်မကို တူးဆွခြေမွရမည်။ ဖွဲနု တစ်ပြည်ခန့်ကို တူးဆွထားသည့် မြေများနှင့် ရောစပ်ရမည်။ တင်လဲရည် တစ်ပုလင်း( ထန်းလျက် ၅၀ ကျပ်သား)အား ရေ ၃ ဂါလန်ဖြင့် ရော၍ဖျော်ပါ။ ထို့နောက် ဖွဲနုနှင့်မြေရောစပ်ထားသည့် အပုံပေါ်သို့ တင်လဲရည်ဖျန်းပြီး မွှေပေးရမည်။ ရေအား လိုအပ်သလိုဖျန်းပေးနိုင်ပြီး ရေနည်းလွန်းခြင်း၊ များလွန်းခြင်းမဖြစ်စေရပါ။ ရောစပ်ထားသည့်ဖွဲနုနှင့် မြေအရောအပေါ်တွင်သစ်ရွက်ခြောက်(သို့)ဝါးရွက်ခြောက်များနှင့်ဖုံးထားပြီး အပေါ်မှ မြွေရေခွံအိတ်များဖြင့် ထပ်မံဖုံး၍ သုံးညအိပ်ထားရမည်။ လေးရက်မြောက်သောနေ့တွင် အနံ့သင်းသောအဖြူရောင်မှိုမျှင်များ တွေ့ရှိရမည်ဖြစ်ပြီး ၎င်းမြေများကို ဒိုချက်ကင်အဖြစ် အိတ်များဖြင့် စုဆောင်းသိမ်းဆည်းထားပြီး လိုအပ်သလိုအသုံးပြုနိုင်သည်။ ရရှိလာသော ဒိုချက်ကင်အဏုဇီဝအား စိုက်ခင်းတွင် ပမာဏအများအပြားအသုံးပြုလိုပါက ဒိုချက်ကင်အသုံးပြုပြီး သဘာဝမြေဩဇာပြုလုပ်ပြီး သုံးစွဲနိုင်သော်လည်း ဒိုချက်ကင်အဏုဇီဝမွေးမြူပြီး တစ်ပတ်အတွင်း ပြုလုပ်ရန်လိုအပ်သည်။




### ဒိုချက်ကင်အသုံးပြု၍ သဘာဝမြေဩဇာပြုလုပ်ခြင်း

ဒိုချက်ကင်သဘာဝမြေဩဇာပုံပြုလုပ်မည့် နေရာအား ညီညာပြန့်ပြူးပြီး အရိပ်ရ၍ ရေမဝပ်သောနေရာတွင် ရွေးချယ်ပြုလုပ်သင့်သည်။

(၁) စပါးခွံကို ၆ ပေပတ်လည်နှင့် ၃ လက်မအထူရအောင်ဖြန့်ခင်း၍ ရေဖျန်းပေးပါ။
(၂) ထို့နောက် ကောက်ရိုး/သီးနှံအကြွင်းအကျန်များကို ၆ လက်မခန့် ဖြန့်ခင်း၍ သိပ်သည်းစေရန် လူဖြင့်နင်းပါ။
(၃) ယင်းအပေါ်မှ နွားချေး/ကြက်ချေး/ဝက်ချေး တိရစ္ဆာန်ချေးများကို ၆ လက်မ ဖြန့်ခင်းပါ။
(၄) ယင်းနောက် ဒိုချက်ကင်များကို ပါးပါးဖြူးပေးပါ။
(၅) အလွှာတစ်လွှာခင်းပြီးတိုင်း အစိုဓာတ်ရရှိစေရန် ရေဖျန်းပေးပါ။
(၆) စပါးခွံ၊ ကောက်ရိုးနှင့် နွားချေးအလွှာများသည် တစ်ထပ်ဖြစ်သည်။ အဆိုပါနည်းအတိုင်း အထပ်လေးထပ်၊ အမြင့် ၄ ပေခန့်ရှိသည့် မြေဆွေးပုံရရှိလာပါက အပေါ်ဆုံးမှ စပါးခွံများဖြင့် ဖုံးအုပ်ပေးပါ။
(၇) မြေဆွေးပုံအား အစိုဓာတ်လိုအပ်ပါက ရေထပ်မံဖျန်းပေးရန် လိုအပ်သည်။
(၈) ၃–၄ ပတ်ကြာလျှင် အတွင်းအပြင်သမစေရန်အပုံပြောင်းပြီး ရေဖျန်းပေးပါ။ ပထမအကြိမ် အပုံပြောင်းပြီး နှစ်ပတ်ကြာလျှင် ထပ်မံ၍ အပုံပြောင်းပေးရမည်။
(၉) ဒိုချက်ကင်မြေဆွေးပြုလုပ်ပြီး နှစ်လအကြာတွင် စိုက်ခင်းအတွင်း အသုံးပြုနိုင်သော သဘာဝမြေဩဇာရရှိနိုင်ပြီဖြစ်သည်။




### (၃) အဏုဇီဝအားဖြည့်စာများဖြင့်ပြုလုပ်နည်း (ME: Microbe Enhancer Technology)

**(က) စပါးခွံမီးသွေး**

လယ်ယာသီးနှံများရိတ်သိမ်းပြီးနောက် စိုက်ပျိုးထွက်ရှိလာသည့် လယ်ယာစွန့်ပစ်ပစ္စည်းများ (စပါးခွံ၊ ပြောင်းရိုး၊ နှမ်းရိုး၊ နေကြာရိုး၊ ပဲခွံ) များအား မီးသွေးပြုလုပ်၍ သဘာဝမြေဩဇာအဖြစ် အသုံးပြုခြင်းအားဖြင့် အပင်ကြီးထွားမှုကောင်းစေပြီး သီးနှံအထွက်နှုန်းကိုတိုးတက်စေကြောင်းကို ဂျပန်နိုင်ငံအစိုးရမဟုတ်သော စိမ်းလန်းမြေအဖွဲ့မှ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် စမ်းသပ်ခဲ့သော နည်းပညာတစ်ခုဖြစ်သည်။ လယ်ယာစွန့်ပစ်ကုန်ကြမ်းများ၊ စပါးခွံများပြားစွာရရှိနိုင်သောဒေသများတွင် သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်သောနည်းပညာတစ်ခုဖြစ်သည်။

**စပါးခွံမီးသွေးပြုလုပ်ခြင်း**

(၁) ၁၀ × ၁၀ × ၁၅ လက်မ အရွယ်ခန့်ရှိ အပေါက်ငယ်ဖောက်ထားသော လေးထောင့်သံပုံးငယ်ကို ခေါင်းတိုင်တစ်ခုတပ်ဆင်ပါ။ ခေါင်းတိုင်သည် ချွတ်နိုင်တပ်နိုင်သောအနေအထားဖြစ်ရမည်။
(၂) သံပုံးပေါ်တွင် စပါးခွံများကို စုပုံပါ။
(၃) ထိုပုံးထဲသို့ လောင်စာအဖြစ် စက္ကူစများထည့်ပါ။
(၄) စက္ကူစများကို မီးရှို့ပြီးနောက် ခေါင်းတိုင်ကို ပြန်ဖုံးပေးပါ။
(၅) လိုအပ်ပါက ဂေါ်ပြားဖြင့် နှစ်ကြိမ်မှ သုံးကြိမ်ခန့် လှန်ပေးပါ။
(၆) အပေါ်ယံအထိမည်းလာပါက ရေလောင်းပေးပြီး မီးငြိမ်းသတ်ကာ စပါးခွံဖွဲပြာပုံကိုအအေးခံ၍ စိုက်ခင်းထဲသို့ အသုံးပြုနိုင်သည်။

**စပါးခွံမီးသွေးအသုံးပြုခြင်း၏ အကျိုးကျေးဇူးများမှာ–**

(၁) မြေချဉ်ငန်ဓာတ်ကိုထိန်းညှိပြီး ရေထိန်းစွမ်းအားကိုကောင်းစေခြင်း
(၂) မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိကောင်းလာစေခြင်း
(၃) ပိုးမွှားရောဂါဒဏ်ကို ခံနိုင်ရည်ရှိစေခြင်း
(၄) မြေဆီလွှာအတွင်း ကာဗွန်ပမာဏတိုးမြင့်စေပြီး ပိုတက်စီယမ်၊ မဂ္ဂနီနှင့် အနည်းလိုအာဟာရဓာတ်များရရှိစေခြင်း
(၅) မြေဆီလွှာအတွင်း အာဟာရဓာတ်များရွေ့လျားပျောက်ဆုံးခြင်းမှ ကာကွယ်ပေးခြင်း
(၆) မြေဆီလွှာမှထွက်သောအနံ့ဆိုးများနှင့် လေထုပတ်ဝန်းကျင်ကို သန့်ရှင်းစေခြင်းတို့ဖြစ်သည်။




စာမျက်နှာ ၁၄ သို့ ■

# ကမ္ဘာ့ပတ်ဝန်းကျင်ထိမ်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းဆောင်ရွက်



ပခုက္ကူ ဇွန် ၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ဇွန်လ ၅ ရက်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် "ကမ္ဘာတစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခြင်းနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိက ကမ္ဘာတစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် ပလတ်စတစ်ကင်းစင်ရေးအသိပညာပေးဟောပြောသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်သောအဖွဲ့က သင်တန်းသား၊ သင်တန်းသူများအား ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်လက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။

ယင်းနောက်တာဝန်ရှိသူများကသင်တန်းကျောင်းအုပ်ဆရာမကြီးအား ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးစာအုပ်များပေးအပ်ကြောင်း သိရသည်။ **ပခုက္ကူ(ပြန်/ဆက်)**

■ စာမျက်နှာ ၁၃ မှအဆက်

## (ခ) ငါးအမိုင်နိုအက်စစ်

ငါးအမိုင်နိုအက်စစ်သည် နိုက်ထရိုဂျင်ရရှိရန် အရင်းအမြစ်တစ်ခုဖြစ်ပြီး သီးနှံပင်များကြီးထွားဖွံ့ဖြိုးရန်အတွက် အပင်အာဟာရဓာတ်အမြောက်အမြား ပါဝင်သည်။ ငါးအမိုင်နိုအက်စစ်ပြုလုပ်နည်းအဆင့်ဆင့်မှာ–

(၁) ငါးအမိုင်နိုအက်စစ်ပြုလုပ်ရာတွင် ငါးအစို/ ငါးဘေးထွက်ပစ္စည်းများ တစ်ပိဿာအား ရေပြောင်အောင်ဆေး၍ ထုခြေပြီး မြေအိုး သို့မဟုတ် ပလတ်စတစ်ပုံးထဲထည့်ပါ။

(၂) တင်လဲရည် သို့မဟုတ် ထန်းလျက် တစ်ပိဿာအားထည့်ပေးပါ။


(၃) ငါးနှင့်တင်လဲရည်တို့သည် ပုံမှာပြထားသည့်အတိုင်းဖြစ်ရမည်။ အိုး၏ သုံးပုံနှစ်ပုံခန့်ရှိရမည်။

(၄) အိုးအား လေလုံအောင် စက္ကူဖြင့်ပိတ်၍ ကြိုးဖြင့်ချည်ပါ။

(၅) နေရောင်တိုက်ရိုက်မကျသည့် အေး၍ခြောက်သွေ့သောနေရာတွင်ထားပါ။ တစ်လပြည့်လျှင် ငါးအမိုင်နိုအက်စစ်အားရရှိပြီဖြစ်သည်။

(၆) ရရှိလာသည့် ငါးအမိုင်နိုအက်စစ် တစ်ဆလျှင် ရေ အဆ ၁၀၀၀ နှင့်ရော၍ တစ်ပတ်လျှင် တစ်ကြိမ်ဖျန်းပက်နိုင်သည်။







## ငါးအမိုင်နိုအက်စစ်အသုံးပြုပုံ

(က) ငါးအမိုင်နိုအက်စစ်အား ရွက်ဖျန်းဆေးအဖြစ် အသုံးပြုရာတွင် ငါးအမိုင်နိုအက်စစ် တစ်ဆလျှင် ရေအဆ ၁၀၀၀ နှင့်ရော၍ အသုံးပြုပါ။

(ခ) ခုနစ်ရက်ခြားတစ်ကြိမ် အပင်ကြီးထွားချိန်တွင် အသုံးပြုပါ။

(ဂ) သီးနှံပင်၏ အရွက်ပေါ် သို့မဟုတ် မြေပေါ်သို့ ပက်ဖျန်းနိုင်သည်။

(ဃ) ငါးအမိုင်နိုအက်စစ်ကို ရေနှင့်မရောဘဲ တိုက်ရိုက်အပင်ပေါ်ဖျန်းခြင်း/အပင်ခြေတွင်ပုံပါက အပင်ညှိုးခြောက်နိုင်သည်။

(င) ငါးအမိုင်နိုအက်စစ်ကို သဘာဝမြေသြဇာပြုလုပ်ရာတွင်လည်း အသုံးပြုနိုင်သည်။

(စ) ငါးအမိုင်နိုအက်စစ်အသုံးပြုရာတွင် သက်ရှိများလှုပ်ရှားမှုအကောင်းဆုံးအချိန်ဖြစ်သည့် နံနက်အစောနှင့် ညနေပိုင်းအချိန်တွင် ပက်ဖျန်းသင့်သည်။

(ဆ) မျိုးစေ့/ပျိုးပင်များ သို့မဟုတ် မျိုးစေ့စိမ်ရာတွင်လည်း အသုံးပြုနိုင်သည်။

(ဈ) ငါးအမိုင်နိုအက်စစ်ကို သီးနှံပင်များ သီးပွင့်ချိန်တွင် အသုံးမပြုသင့်ပါ။ အသုံးပြုရာတွင် ရောစပ်မည့် ရေအဆမှန်ကန်ရန်လိုအပ်ပြီး ရေအဆနည်းပါက အပင်အရွက်များ ဝါလာနိုင်သည်။

## (၄) အခြားမြေဆွေးများ

## တီကျစ်စာမြေဆွေး

တီကျစ်စာမြေဆွေးဆိုသည်မှာ မြေဆွေးပြုလုပ်ပေးနိုင်သောတီကောင်များအား သစ်ပင်အကြွင်းအကျန်များ၊ သစ်ရွက်များ၊ နွားချေး၊ လယ်ယာစွန့်ပစ်ပစ္စည်းများနှင့် မီးဖိုချောင်စွန့်ပစ်ဟင်းသီးဟင်းရွက် စသည့် စွန့်ပစ်ပစ္စည်းများကို အစာအဖြစ်ကျွေးမွေး၍ တီကောင်များမှ ပြန်လည်စွန့်ထုတ်လိုက်သည့်ပစ္စည်းများကို ခေါ်ဆိုသည်။ ထို့ကြောင့် တီကောင်လေးများကို လူတို့ဖန်တီးပေးထားသည့် ပတ်ဝန်းကျင်တွင် ပွားများစေပြီး မြေဆွေးထုတ်လုပ်ခြင်းဖြင့် တီကျစ်စာမြေဆွေးကို ရရှိစေနိုင်သည်။ တီကျစ်စာမြေဆွေးအား မြေကျင်းတူး၍ ပလတ်စတစ်ဖြင့် တီမွေးမြူခြင်း၊ အမိုးအကာအောက်တွင် ဝါးကပ်များကာ၍ မြေပေါ်တွင် ပလတ်စတစ်ကန်များပြုလုပ်၍ တီမွေးမြူခြင်း၊ ကွန်ကရစ်ကန်များ သို့မဟုတ် ကွန်ကရစ်အခွေများပြုလုပ်၍ တီမွေးမြူ၍ တီကျစ်စာ ထုတ်လုပ်နိုင်သည်။ တောင်သူများသည် မိမိတို့နှင့် သင့်လျော်သည့် နည်းစနစ်များကိုအသုံးပြု၍ တီကောင်မွေးမြူ၍ တီကျစ်စာမြေဆွေးထုတ်လုပ်နိုင်သည်။

## ကွန်ကရစ်ကန်ဖြင့် တီကျစ်စာမြေဆွေးပြုလုပ်နည်း

(၁) ကြိုက်နှစ်သက်ရာအရွယ်အစားရှိ ကွန်ကရစ်ကန်၏အောက်ခြေတွင် တီကျစ်စွန့်ပစ်ရည်ထုတ်ယူနိုင်ရန် ရေထုတ်ပေါက်ဖောက်ပေးပါ။

(၂) တီစွန့်ပစ်ရည် အလွယ်တကူစီးဆင်းနိုင်ရန်အတွက် ကန်၏အောက်ခြေကို ဆင်ခြေလျှောပြုလုပ်ပေးပါ။

(၃) အောက်ခံတွင် အရည်များစစ်နိုင်ရန် ၁ ဒသမ ၅ လက်မကျောက် သို့မဟုတ် အုတ်ကျိုးတစ်ထပ်ခင်းပေးပါ။

(၄) ၎င်းအပေါ်မှ နွားချေး ၆ လက်မခန့် ထုရအောင်ထည့်ပေးပါ။ ထို့နောက် သီးနှံအကြွင်းအကျန်များ၊ အရွက်များစင်းထားသော ငှက်ပျောအူ၊ ဗေဒါ စသောအစာစိမ်းများ၊ မြက်များ၊ ပေါင်းပင်များကိုစုစည်းပြီး ၈–၁၀ လက်မခန့်ထည့်ပေးပါ။

(၅) ၎င်းအလွှာများပေါ်မှ ကောင်းစွာဆွေးသော နွားချေးဆွေးကို ၆ လက်မအလွှာခန့်ရအောင်ဖြန့်ထည့်ပြီး အရွက်များကို ၄–၆ လက်မခန့်ထည့်ပေးပါ။

(၆) တီကောင်များကိုထည့်ပေးပါ။

(၇) အစိုဓာတ်မပြတ်စေရန် နေ့စဉ်စစ်ဆေး၍ လိုအပ်ချိန်တွင် ရေလောင်းပေးပါ။

(၈) အပေါ်မှ ဂုန်နီအိတ်ခွံဟောင်း၊ ဓနိရွက်များ၊ အုန်းလက်များ၊ သက်ငယ်ရွက်များဖြင့် ဖုံးအုပ်ပေးပါ။

(၉) သစ်ရွက်ပေါင်းမြက်စွန့်ပစ်ပစ္စည်းများအား နှစ်ပတ်လျှင်တစ်ခါ ဖြည့်တင်းပေးရမည်။

(၁၀) သုံးလကြာမြင့်ပြီးနောက် အညိုရောင်တီကျစ်စာမြေဆွေးကို ရရှိနိုင်မည်ဖြစ်သည်။

(၁၁) တီကောင်စွန့်ပစ်မြေဆွေးပြုလုပ်ရန်မြေဆွေးကန်အား ရေ၂–၃ ရက်ဖြတ်ရမည်။

(၁၂) တီကောင်များသည်ကန်အောက်ရှိအစိုဓာတ်ရှိသည့်နေရာများသို့ ရောက်ရှိသွားမည်ဖြစ်သည်။

(၁၃) အပေါ်ယံမြေဆွေးများအား ဖယ်ထုတ်ပြီး နေရိပ်တွင် အခြောက်ခံ၍ သိုလှောင်ထားနိုင်သည်။

## တီစွန့်ပစ်ထုတ်ယူသုံးစွဲခြင်း

တီကျစ်စာမြေဆွေးထုတ်လုပ်သည့် ကန်၏အောက်ခြေတွင် ၁ ပေခန့်ရှိသည့် ပလတ်စတစ် သို့မဟုတ် ပြွန်တစ်ချောင်း တပ်ဆင်ထားရမည်။ အဆိုပါပိုက်သည် ကန်အတွင်းထိုးသွင်းရာ ၎င်းဘေးပတ်လည်မှ တီကျစ်စာမြေဆွေးအရည်များ ပြင်ပသို့မထွက်စေရန်အတွက် သေချာစွာဖိကပ်ထားပြီး ထွက်ရှိလာသည့် တီအရည်များအား ပလတ်စတစ်ပုံးများဖြင့် စုဆောင်းထားရှိပြီး စိုက်ခင်းအတွင်း အသုံးပြုနိုင်သည်။ တီကောင်စွန့်ပစ်ရည်သည် တီမွေးမြူပြီး သုံးပတ်ခန့်အကြာမှ ထုတ်ယူသုံးစွဲပါက ပိုမိုကောင်းမွန်သည်။ တီကျစ်စွန့်ပစ်ရည်အား တီကျစ်စွန့်ပစ်ရည် တစ်ဆလျှင် ရေ ၅–၁၀ ဆနှင့်ရော၍ ပန်းအလှပင်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများတွင် အသုံးပြုနိုင်သည်။

## တီကျစ်စာမြေဆွေးအသုံးပြုခြင်း၏အကျိုးကျေးဇူးများ

(က) သစ်ပင်သီးနှံများအတွက် အပင်အာဟာရဓာတ်စုံပါဝင်သော သဘာဝမြေသြဇာဖြစ်ခြင်း

(ခ) မြေချဉ်ငန်ဓာတ်မျှတပြီး မြေဆီလွှာဖွဲ့စည်းမှုကိုပြုပြင်ပေးနိုင်ခြင်း

(ဂ) အပင်ရောဂါအချို့ကို ကာကွယ်ပေးနိုင်ခြင်း

(ဃ) အပင်ကြီးထွားမှုကိုလှုံ့ဆော်ပေးနိုင်သော ဓာတ်ပစ္စည်းများ၊ အင်ဇိုင်းများပါဝင်ခြင်း

(င) တီကျစ်စာမြေဆွေးသည် ရိုးရိုးမြေဆွေးထက် နိုက်ထရိုဂျင် ၅ ဆ၊ ပိုတက်စီယမ် ၁၀ ဆ၊ ဖော့စဖိတ် ၃ ဆ မှ ၅ ဆ၊ မဂ္ဂနီဆီယမ် ၃ ဆ၊ ကယ်လစီယမ် ၁ ဒသမ ၅ ဆ ပိုမိုပါဝင်ခြင်းတို့ဖြစ်သည်။ ။

★ **စာမျက်နှာ ၁၇ မှအဆက်**

ကျောင်းသားလူငယ်များအပါအဝင်ပြည်သူလူထုတစ်ရပ်လုံး၏ စုပေါင်းအားဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်သွားကြပြီး ပိုမိုသန့်ရှင်းကောင်းမွန်သည့်သဘာဝပတ်ဝန်းကျင်ကိုတည်ဆောက်သွားကြရန်တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သဝဏ်လွှာဗီဒီယိုနှင့်ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)၏အမှုဆောင်ညွှန်ကြားရေးမှူး၏ ၂၀၂၅ ခုနှစ်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သဝဏ်လွှာ ဗီဒီယိုကိုပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပတ်ဝန်းကျင် စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ ဆုရရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့မှ တာဝန်ရှိသူထံလည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာမှ တာဝန်ရှိသူထံလည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောစက်ရုံဆုရရှိသည့်မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်ရှိ Great Success Energy Co.,Ltd. (၃၀ မဂ္ဂါဝပ်နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း)မှ တာဝန်ရှိသူထံလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းအဆင့်)ပထမ၊ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းများကိုလည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက စိမ်းလန်းစိုပြည်သောကျောင်း(မူလတန်းအဆင့်)ပထမ၊ဒုတိယနှင့်တတိယဆုရရှိသည့်ကျောင်းများကိုလည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်တက္ကသိုလ်၊ ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး ဗီဒီယိုနှင့် ရန်ကုန်မြို့၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှပေးပို့သည့် "မမြင်နိုင်သောလူသတ်သမား" PM 2.5 အကြောင်း အသိပညာပေးဗီဒီယိုတို့ကိုပြသသည်။ ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အောင်ပွဲရမြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြကြိုဆို




**ရန်ကုန် ဇွန် ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်မှ ၄ ရက်အထိကျင်းပသည့် China-Asean Cup ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု ဆွတ်ခူးရယူခဲ့သည့် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားအဖွဲ့သည် ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။


အဆိုပါအောင်ပွဲရမြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များ၊ အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုကော်မတီအဖွဲ့ဝင်များက အောင်ပွဲရမြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အောင်ပွဲရမြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားအဖွဲ့အား အဖွဲ့ခေါင်းဆောင် ဦးစိုင်းဇော်ထွန်းလင်း၊ အုပ်ချုပ်သူ ဦးသန်းထွန်း၊ နည်းပြနှစ်ဦး၊ အမျိုးသားအားကစားသမားခြောက်ဦး၊ အမျိုးသမီးအားကစားသမားခြောက်ဦးတို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အမျိုးသားအသင်းက သုံးယောက်တွဲနှင့်လေးယောက်တွဲပြိုင်ပွဲနှစ်ရပ်လုံး၌ ရွှေတံဆိပ်တစ်ခုစီနှင့် အမျိုးသမီးအသင်းသည် သုံးယောက်တွဲနှင့်လေးယောက်တွဲပြိုင်ပွဲတို့၌ ကြေးတံဆိပ်တစ်ခုစီဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံခ

## မိုးလေဝသ သတင်း




| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄°C / | ၃၂°C |
| ရန်ကုန် | ၂၄°C / | ၃၄°C |
| မန္တလေး | ၂၆°C / | ၃၆°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရေးအတွက် အလုပ်သမားရေးရာညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်မှာကြား

**ရန်ကုန် ဇွန် ၅**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာဌာနများမှ တာဝန်ခံအရာထမ်းများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ငွေပင်လယ်စက်မှုဇုန်ရှိ Hanfex Co., Ltd. အထည်ချုပ်စက်ရုံ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက CMP လုပ်ငန်းများအပါအဝင် စက်ရုံ၊ အလုပ်ရုံများဖွံ့ဖြိုးတိုးတက်စေရေး ကြီးကြပ်ရေးကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း၍ အလေးထားကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေးအတွက် အလုပ်သမားရေးရာညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ VDM Skills Training Center သို့ရောက်ရှိရာ သင်တန်းကျောင်းတာဝန်ခံက ဂဟေဆက်အလုပ်အကိုင်နှင့်ဟိုတယ်လုပ်ငန်းဆိုင်ရာသက်မွေးပညာသင်တန်းများဖွင့်လှစ်ပို့ချနေမှု၊ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA) အသိအမှတ်ပြုလက်မှတ်ရရှိထားမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက အရည်အသွေးပြည့်မီသော သင်တန်းများဖြစ်စေရေး၊ ကျွမ်းကျင်လုပ်သားများပိုမိုမွေးထုတ်ပေးနိုင်ရေးနှင့် သင်တန်းဆင်းများကို အမျိုးသားအဆင့်ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေး ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန် မှာကြား၍ သင်တန်းဖွင့်လှစ်ပို့ချနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ BankAccount များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ ဆုရရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့မှ တာဝန်ရှိသူထံ ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာမှ တာဝန်ရှိသူထံ ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့်လှည့်လည်ကြည့်ရှုစဉ်။

☆ **ရှေ့ဖုံးမှအဆက်**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့်အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၏ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်လာကြစေရန်အတွက် ၁၉၇၂ ခုနှစ်တွင်ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ(၅)ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၃ ခုနှစ်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်အဖြစ် **"ကမ္ဘာတစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး (Ending Plastic Pollution Globally)"**ဟု သတ်မှတ်ထားကြောင်း၊ ရည်ရွယ်ချက်မှာ ကမ္ဘာပေါ်၌တစ်နေ့တခြား ပိုမိုဆိုးရွားလာနေသည့် ပလတ်စတစ်ညစ်ညမ်းမှုများကို အဆုံးသတ်တိုက်ဖျက်သွားမည့် ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်တစ်ခုပေါ်ထွက်လာရေးနှင့် အနာဂတ်ကာလတွင် တိုးတက်ကောင်းမွန်သန့်ရှင်းသည့် သဘာဝပတ်ဝန်းကျင်တစ်ရပ်ဖြစ်လာစေရေးတို့အတွက် စုပေါင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းနှိုးဆော်ထားခြင်းပင်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်များပြားလာခြင်းနှင့်အတူ နည်းပညာနှင့်စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာသည့်အတွက် ရာသီဥတုများသည် အဆိုးဘက်ကို ပြောင်းလဲလာနေကြောင်း၊ ထို့အပြင် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲလာခြင်းကြောင့် ဂေဟစနစ်များ ယိုယွင်းလာပြီး ဇီဝမျိုးစုံမျိုးကွဲများ တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်လာနေကြောင်း၊ မြို့ပြနှင့်စက်ရုံအလုပ်ရုံများက စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံမှုမရှိသည့်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် ပြဿနာများကို မြန်မာနိုင်ငံအပါအဝင် ယနေ့ကမ္ဘာတစ်ဝန်းလုံး၌ ရင်ဆိုင်ကြုံတွေ့နေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ စွန့်ပစ်ပစ္စည်းများထဲတွင် ပလတ်စတစ်စွန့်ပစ်အမှိုက်များသည်နေ့စဉ်နှင့်အမျှ များပြားလာပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၏ အဓိကစိန်ခေါ်မှုတစ်ရပ်ကဲ့သို့ ဖြစ်လာနေကြောင်း၊ သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်ရေး၊ လူသားအားလုံး၏ ကျန်းမာရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် များစွာခြိမ်းခြောက်လာနေကြောင်း။

ယနေ့ခေတ်တွင် အသုံးပြုရလွယ်ကူခြင်း၊ တန်ဖိုးနည်းခြင်း၊ ပုံသဏ္ဌာန်အမျိုးမျိုး ဖန်တီးနိုင်ခြင်း၊ ထုပ်ပိုးရလွယ်ကူခြင်းစသည့် လျင်မြန်လွယ်ကူ အသုံးတည့်မှုများကြောင့် ပလတ်စတစ်များကို မိမိတို့လူ့ပတ်ဝန်းကျင်နေရာအနှံ့အပြားတွင် အဓိကပစ္စည်းအဖြစ် အသုံးပြုလာကြကြောင်း၊ ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်စာရင်းများအရ တန်ချိန်သန်းပေါင်း (၄၀၀)ကျော် အထိရောက်ရှိခဲ့ပြီးလွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း နှစ်ဆမြင့်တက်လာခဲ့သည်ကိုတွေ့ရကြောင်း၊ ယခုကဲ့သို့ ထုတ်လုပ်မှုများ ဆက်လက်တိုးတက်လာနေမည်ဆိုပါက လာမည့် ၂၀၅၀ ပြည့်နှစ်တွင်ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုသည် တန်ချိန်သန်းပေါင်း(၁၁၀၀)အထိ ရောက်ရှိလာနိုင်သည်ကို လေ့လာသိရှိရကြောင်း၊ ထိုသို့ထုတ်လုပ်မှု တိုးတက်လာခြင်းနှင့်အတူ သုံးစွဲရာတွင် ထိန်းချုပ်မှုအားနည်းခြင်းနှင့် စည်းကမ်းမဲ့မဆင်မခြင်စွန့်ပစ်ခြင်းများကြောင့် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာများစွာကို ယနေ့အချိန်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စိုးရိမ်ဖွယ်ရာအန္တရာယ်တစ်ခုအဖြစ် ရင်ဆိုင်ကြုံတွေ့လာနေကြရပြီဖြစ်ကြောင်း။

ကုန်းမြေမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာများထဲကို ရောက်ရှိလာသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် အချိန်ကာလကြာလာသည်နှင့်အမျှ အလွန်သေးငယ်သည့် ပလတ်စတစ်အမှုန်အမွှား (Micro-plastics) များအဖြစ် ပြောင်းလဲဖြစ်ပေါ်ပြီး အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ဖြစ်စေကြောင်း၊ ယနေ့အချိန်တွင် အဆိုပါ Micro-plastics များသည် ပင်လယ်သမုဒ္ဒရာများ၊ မြစ်ချောင်းများ၊ လေထုအတွင်းနှင့် နေ့စဉ်အစားအစာများထဲအထိ ပျံ့နှံ့ရောက်ရှိနေပြီး နောက်ဆုံးတွင်လူ့ခန္ဓာအစိတ်အပိုင်းများထဲအထိ ထိုးဖောက်ရောက်ရှိလာကြကြောင်း၊ အဆိုပါအချက်ကို ကြည့်ခြင်းအားဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ကြီးမားလှသည့်အန္တရာယ်ကို သိရှိနိုင်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းအပါအဝင် စွန့်ပစ်အမှိုက်များကို စနစ်တကျစီမံထိန်းချုပ်ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀)**ကို ရေးဆွဲထုတ်ပြန်ထားပြီး မြို့ပြနှင့်စက်မှုလုပ်ငန်းများတွင် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပလတ်စတစ်ညစ်ညမ်းမှုထိန်းချုပ်နိုင်ရေးကို အဓိက ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့် ကဏ္ဍစုံ ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရန်အတွက် **အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်**ကို ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအသိပညာပေး ဗီဒီယိုနှင့် ရန်ကုန်မြို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှပေးပို့သည့် "မမြင်နိုင်သော လူသတ်သမား" PM 2.5 အကြောင်း အသိပညာပေးဗီဒီယိုတို့ကိုကြည့်ရှုစဉ်။

မြန်မာနိုင်ငံတွင် ပလတ်စတစ်ညစ်ညမ်းမှုများကိုလျှော့ချနိုင်ဖို့ ပြည်တွင်းရှိ ပလတ်စတစ်ကို ပြန်လည်ပြုပြင်ထုတ်လုပ်သည့် (Recycle) လုပ်ငန်းများ ပိုမိုတွင်ကျယ်အားကောင်းလာစေရန်၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကို တားဆီးကာကွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် **ပင်လယ်ကမ်းရိုးတန်းဒေသရှိ စက်မှုနှင့်မြို့ပြလုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်လုပ်ငန်းစဉ် အဆင့်ဆင့်လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်း (Standard Operating Procedure-SOP)** များကို လိုက်နာဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။


မြန်မာနိုင်ငံသည် **"ဘေးအန္တရာယ်ဖြစ်စေတဲ့စွန့်ပစ်ပစ္စည်းများနှင့် ၎င်းတို့၏ စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ် ကွန်ဗင်းရှင်း"**၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို နိုင်ငံအတွင်း တရားမဝင်တင်သွင်းခြင်းမရှိစေရန်အတွက် ကွန်ဗင်းရှင်းပါ ကတိကဝတ်များနှင့်အညီ စနစ်တကျ ထိန်းချုပ်စီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

၂၀၁၉ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့သည့် **အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းနှင့် အာဆီယံ မူဘောင်**ကိုလည်း မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံနိုင်ငံများနှင့်အတူ လက်တွဲပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၄၅ တွင် **နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်** ဟုလည်းကောင်း၊ ပုဒ်မ ၃၉၀၊ အပိုဒ်(ခ) တွင် **နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်**ဟုလည်းကောင်း ပြဋ္ဌာန်းထားသည့်အတွက် မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် တာဝန်သိတတ်သည့်စိတ်ဖြင့် လိုက်နာပူးပေါင်းဆောင်ရွက်သွားကြရန်အလေးအနက်ထား တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအပါအဝင်ကမ္ဘာကြီးတွင် ပလတ်စတစ်ညစ်ညမ်းမှုများမှ ကင်းဝေးပြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် **"ကမ္ဘာတစ်ဝန်းပလတ်စတစ် ညစ်ညမ်းမှုအဆုံးသတ်ရေး၊ စုပေါင်းအားဖြင့်ဆောင်ရွက်ပေး (Ending Plastic Pollution Globally)"** ဆိုသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးလုပ်ငန်းများတွင် နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ နိုင်ငံအတွင်းတွင်ရှိသည့် ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊

**စာမျက်နှာ ၁၅ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့်လှည့်လည်ကြည့်ရှုစဉ်။

**❖ ထုတ်လုပ်မှုတိုးတက်လာခြင်းနှင့်အတူ သုံးစွဲရာတွင် ထိန်းချုပ်မှုအားနည်းခြင်းနှင့် စည်းကမ်းမဲ့မဆင်မခြင်စွန့်ပစ်ခြင်းများကြောင့် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာများစွာကို ယနေ့အချိန်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စိုးရိမ်ဖွယ်ရာ အန္တရာယ်တစ်ခုအဖြစ် ရင်ဆိုင်ကြုံတွေ့လာနေကြရပြီဖြစ် . . .**

**❖ မြန်မာနိုင်ငံအပါအဝင်ကမ္ဘာကြီးတွင် ပလတ်စတစ်ညစ်ညမ်းမှုများမှကင်းဝေးပြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် "ကမ္ဘာတစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး၊ စုပေါင်းအားဖြင့်ဆောင်ရွက်ပေး (Ending Plastic Pollution Globally)" ဆိုသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးလုပ်ငန်းများတွင် နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ နိုင်ငံအတွင်းတွင်ရှိသည့် ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ကျောင်းသားလူငယ်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ စုပေါင်းအားဖြင့် တက်ညီလက်ညီဝိုင်းဝန်းဖြေရှင်းဆောင်ရွက်သွားကြပြီး ပိုမိုသန့်ရှင်းကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ကိုတည်ဆောက်သွားကြရန် တိုက်တွန်းပြောကြားလို . .**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers speech at the ceremony to mark World Environment Day 2025

NAY PYI TAW June 5

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech at the ceremony to mark the World Environment Day 2025 at the Yezin University of Forestry and Environmental Science in Nay Pyi Taw this morning.

Also present at the ceremony were Council Joint Secretary General Ye Win Oo, council members, Union ministers, Union-level dignitaries, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, deputy ministers, departmental officials, guests, prize winners, students from the University of Forestry and Environmental Science and basic education high schools and officials.



Senior General Min Aung Hlaing delivers an address at the ceremony to mark World Environment Day (2025) in Nay Pyi Taw.



Senior General Min Aung Hlaing inspects the exhibition to mark World Environment Day (2025) in Nay Pyi Taw.

Speaking on the occasion, the Senior General said that the General Assembly of the United Nations which held in 1972 set 5 June as the World Environment Day with the aim of resolving environmental problems of all global countries including Myanmar through collaborative efforts. Starting from 1973, all global countries have been holding ceremonies to mark the environmental conservation yearly.

This year's motto of the commemorative day was set as **Ending Plastic Pollution Globally.** Such a motto urged all to strive for emergence of a global agreement to finally combat plastic pollution which has been worsening across the world day by day and for shaping a developed and clean environment in the future.

In today's world, growing population and developing technologies and industries affect more emission of greenhouse gas which leads the climatic conditions to worsen. Moreover, natural resources and ecosystem deteriorate. Extreme extraction of natural resources causes degradation of ecosystems and gradual depletion of biodiversity. As urban areas and factories do not have systematic management of waste, everybody knows all global countries including Myanmar are facing environmental pollution problems at present. Among varieties of waste, plastic waste is larger day by day, and it becomes a main challenge of environmental pollution. It much threatens standing of living beings, health of all humans and sustainable development.

Currently, the human society uses plastic products as the primary utensils due to easily useful trends such as cheap prices, easy to make various forms and to package. In assessing the plastic production worldwide, the statistics in 2023 mentioned more than 400 million tons of plastic products, which rose a double volume rather than last two decades.

See Page - 19►►




Senior General Min Aung Hlaing presents an environmental prize to a winner at the ceremony to mark World Environment Day (2025) in Nay Pyi Taw.

►► From Page - 18

If the production still increases so, the world's plastic production will reach 1,100 million tons in 2050. On the other hand, lack of control and undisciplined disposing of plastic waste becomes a seriously dangerous plastic pollution across the world at present.

The plastic wastes which enter the seas and oceans from the land become microplastics in a long term, causing marine environmental pollution. Nowadays, these microplastics spread all parts of oceans, rivers and creeks, atmospheric areas and daily foods. Hence, these parts penetrate into the body organs of human. In analyzing these, everybody can know very dangerous possibilities of plastic wastes.

Myanmar has issued the **National Waste Management Strategy and Master Plan for Myanmar (2018-2030).** Such plan is being implemented in urban areas and industries. In order to collaboratively implement the plastic waste control as a priority, efforts are being made to issue the **National Plastic Management Action Plan**.

To reduce plastic pollution in Myanmar, expand and strengthen domestic plastic recycling industries, and prevent marine environmental pollution caused by plastic waste, it is necessary to follow the **Standard Operating Procedures (SOP) for industrial and urban waste management systems in coastal regions**.

As Myanmar is a member of the **Basel Convention on the Control of Transboundary Movements of Hazardous Wastes and Their Disposal**, it is essential to systematically manage and prevent the illegal import of plastic waste in accordance with the convention's commitments.

Myanmar is also collaborating with other ASEAN nations to implement the 2019 **Bangkok Declaration on Combating Marine Debris in the ASEAN Region and the ASEAN Framework on Marine Debris.**

Under Article 45 of the 2008 Constitution of the Republic of the Union of Myanmar, **the State is obligated to protect and conserve the natural environment.** Additionally, Article 390 **(b) states that every citizen has a duty to assist the State in environmental conservation efforts.** Therefore, all citizens are urged to actively participate in eliminating plastic pollution and protecting the environment with a sense of responsibility.

To achieve a plastic pollution-free Myanmar and a sustainable future for the world, the theme for the 2025 World Environment Day, **"Ending Plastic Pollution Globally – Collective Action for Change,"** calls for international cooperation as well as nationwide efforts from government agencies, businesses, civil society, students, and youth to build a cleaner and healthier environment.

Following this, video messages from the UN Secretary-General and the Executive Director of the UN Environment Programme (UNEP) for the 2025 World Environment Day were shown.

Subsequently, the Chairman of the State Administration Council Prime Minister presented awards to Kengtung in Shan State (East), recognized as a city with excellent environmental management, Myingaba Village in Nyaung-U Township, Mandalay Region, awarded for outstanding rural environmental management and Great Success Energy Co., Ltd. (a 30 MW solar power plant in Thazi Township, Mandalay Region), honoured for exemplary factory environmental management.

Next, awards were given to national-level clean and green schools (high school level) – 1st, 2nd, and 3rd prize winners – by Council Joint Secretary General Ye Win Oo, clean and green schools (primary level) – 1st, 2nd, and 3rd prize winners – by Council Member Deputy Prime Minister and Union Minister General Mya Tun Oo and winners of the university/college-level essay competition on World Environment Day – 1st, 2nd, and 3rd prize winners – by Council Member Deputy Prime Minister and Union Minister Admiral Tin Aung San.

An awareness video on the 2025 World Environment Day and a video titled "The Invisible Killer – PM 2.5," provided by the Royal Thai Embassy in Yangon, were then screened. Then, the Senior General, along with attendees, posed for a group photo.

Finally, they toured the commemorative exhibition for the 2025 World Environment Day with great interest.

**100**

# Number of nipa thatching sent to Yangon market

NGAPUTAW June 5

"Businesspersons from Ngaputaw Township of Ayeyawady Region sent a large number of sheets of nipa thatch to Yangon market," said Daw Ni Ni Win, the owner of nipa thatching trading in Ngaputaw Township.

Ngaputaw Township is a region where nipa palm thrives, and the harvested nipa thatch is being sold not only in the local market but also in the Yangon market. As of this year, a total of 850,000 sheets of nipa thatch were exported and sold within a single month.

"A large volume of nipa thatch was exported and sold to the Yangon market within a month. The nipa thatch exported from this region is not only in high demand but also of good quality. Over the past month, demand from the Yangon market has been strong. Thanks to this strong demand, local nipa palm plant cultivators and nipa thatch workers have been experiencing better conditions," said Daw Ni Ni Win, a nipa trading operator from Ngaputaw Township.

In Ngaputaw Township, nipa plant cultivation is widely practised by locals from 14 villages. Currently, the price of 100 sheets of nipa thatch has reached up to Ks-26,500. Due to the increasing demand for nipa thatch, cultivators, thatch workers, and trading operators are reportedly doing well.

**SK**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

■■ **From Page - 21**


age 29, and Kyaw Zin Thant (a) Lwin Gyi (a) Kyaw Zin, age 33, at a house at No 177, Zaygalay Street, Zaygalay Ward, Kyimyindine Township, and Han Lin Aung, age 28, who lived at No 32, Theinni Street, Thida Ward, Kyimyindine Township on 29 May.

Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw, told security members that during the assassination attempt, his gun malfunctioned and he was wounded in the left leg; that he secretly received medical treatment at Lin special hospital, No 524, Myintawtha Street, 4/South Ward, Thaketa Township. Hence, security members arrested DCS doctor, Zaw Ko Ko, age 38, who provided illegal medical treatment, and the owner of the hospital set up with DCS doctors, Ye Lin Soe, age 36.

In connection with the case, 13 male suspects and three female suspects, totaling 16 were arrested together with tools they used in the murder.

According to the suspects, Golden Valley Warrior was formed under the sponsorship of Yi Mon, a fugitive from terrorist group NUG, in Chiang Mai, Thailand in March 2023. Golden Valley Warrior had eight members led by Ko Htet, still at large, and its goal is to launch terrorist attacks in Yangon and to kill innocent persons they disliked, under the accusation of informant.

Authorities further learned from the suspects that the suspect, Ko Htet, order the assassination of U Cho Tun Aung after sending the photo of U Cho Tun Aung and the location of his house on Google Map through the telegram; that the suspects, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw, Min Sithu (a) Angelay, and Kyaw Zin Thant (a) Lwin Gyi (a) Kyaw Zin, and Chit Ko Ko (a) Kyaw Gyi, still at large, observed the situation of the house of U Cho Tun Aung and the surrounding areas six times; and that Ko Htet, still at large, sent two pistols to Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw on 21 May.



Dr Zaw Ko Ko, aged 38, Lin Clinic (DCS).



Dr Ye Lin Soe, aged 36, the owner of Lin Specialist Centre.

Mugshots of the suspects, who were arrested at Lin Specialist Centre at No. 524, Myintawtha Road in Ward-4 (South) in Thaketa Township.

On 22 May, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw and Chit Ko Ko (a) Kyaw Gyi, still at large, left the Safehouse at No 103/104, Thapyaechan ring road, Ward 22, Shwepaukkan Myothit, by a bicycle hired by Ko Htet. When arrived at the place in front of U Cho Tun Aung's house, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw fired four pistol rounds at U Cho Tun Aung. The pistol was jammed while firing shots and when he tried to fix it the bullet exploded and hit his left leg. The two came back to the safehouse by bicycle and asked San Htet Aung (a) Bagothar and Win Thu (a) Kalalay to hide the clothes they wore during the assassinations.

Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw told authorities that he secretly received treatment from DCS doctor Zaw Ko Ko at Lin special hospital under the contact of Aung Thu, who was still at large; and that he was caught at Old Bagan while on his way to hide at a certain place in Pakokku Township with his family.



Min Sithu (a) Ange Lay, aged 29, scout.



, Kyaw Zin Thant (a) Lwin Gyi (a) Kyaw Zin, aged 33, scout.



Han Lin Aung, aged 28, scout.

Mugshots of the three suspects, who were arrested at No. 177, Zay Galay Street and No. 32, Hsenwi Street in Zaygalay Ward in Kyimyindine Township.

The suspects further revealed that under the orders of Yi Mon of NUG terrorist group, Golden Valley Warrior terrorist group had committed the following four assassinations with the aim of destroying the State administrative machinery and causing public panic.

Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw, shot dead U Min Teza Nyunt Tin, a legal consultant, living at a house on Pontphyoyay Street, Ahmudan Ward, Thanlyin Township, on 24 March 2023, with a pistol. Chit Ko Ko (a) Kyaw Gyi, still at large, monitored the situation.

On 16 August 2023, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw and Chit Ko Ko (a) Kyaw Gyi shot at security personnel with a pistol in an ambush at Panchan 4th Street, Ward 3, Shwepyitha Township and Han Lin Aung was the watchman.

On 1 December 2023, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw killed U Than Tun, chair of the New National Democratic Party with a pistol and Min Sithu (a) Angelay, and Kyaw Zin Thant (a) Lwin Gyi (a) Kyaw Zin monitored the situation.

On 13 October 2024, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw tried to murder U Shwe Mann, a member of Ma-sa-pha 2, at a place near Aungmingala monastery, Ward 11, Hlaingthaya (West) Township, and driver U Thant Zin was wounded in the attack. Kyaw Zin Thant (a) Lwin Gyi (a) Kyaw Zin was the watchman.

According to the suspects, Golden Valley Warrior terrorist group had killed innocent people in Yangon, and accused them as informants. The NUG terrorist group paid Ks-200,000 for each assassination through the NUG Pay.

Effective legal action will be taken against the suspects. The entire public is requested to take part in anti-terrorist campaigns, and secretly provide information about the hiding place and movements of the remaining persons involved in terrorism to capture them at the earliest possible time. Persons who provide information and who take part in capturing the terrorists will be presented handsome awards and the entire people should take part in the anti-terrorist drive for the ensuring peace and stability in towns and villages. 100

Assassinations of the so-called Golden Valley Warrior terrorist group.



U Than Tun, the chairman of the New National Democratic Party, (died). (1.12.2023)



U Min Teza Nyunt Tin, lawyer, (died). (24.3.2023)



U Cho Tun Aung, retired ambassador, (died). (22.5.2025)




U Thant Zin, driver of the General Administration Department, (minor injuries). (13.10.2024)



An ambush on a member of security forces (no injury). (15.8.2023)

# Suspects of terrorist group, Golden Valley Warrior, who committed terrorist attacks in Yangon Region captured




Arrests of those who involved in the assassination of retired ambassador U Cho Tun Aung.

NAY PYI TAW June 5

Proscribed organizations, CRPH and NUG, and their subordinate PDF terrorist groups, and the related groups and individuals, with the intention of destroying national peace and stability and creating general climate of fear among the public through the destruction of administrative machinery are applying multiple types of terrorism, including assassinations, with innocent persons as the main target, and torching and blowing up public buildings.

On 22 May morning this year, U Cho Tun Aung, a retired ambassador, was shot dead while taking a walk with his grandchild by two men (under investigation then) in front of his residence at the corner of Shwehninzi and Weikza streets, Ward 5, Mayangon Township.

In order to prevent such terrorist attacks, security forces tried to identify the suspects through investigation. Thanks to the information provided by the public that the bicycle used in the terrorist attacks was carried by a three-wheel vehicle, security members could arrest the vehicle driver, San Htet Aung (a) Bagothar, age 40, at his home at No. 248, Khaingshwewa Third Street, Htawunbe Ward, North Okkalapa Township, together with bicycle on 23 May. They also arrested Win Thu (a) Kalarlay, age 39, who acted as a supporter in the terrorist attack, at his home at No. 233, Seinchal Street, Htawunbe Ward, North Okkalapa Township.

Confessions of the suspects led to the arrest of a fleeing felon, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw, age 28, who assassinated U Cho Tun Aung, his wife Pyone Pyone, age 24, and daughter, Lin Let Shwe, age 6, in Old Bagan, NyaungU Township, on 25 May and Aung Hsan Hein, age 25, who drove them to the place, and Nyi Nyi Hlaing, age 39, who made contacts, in Mudon, Mon State.

According to the suspect, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw, the security members came to know that the family of another suspect at large, Chit Ko Ko (a) Kyaw Gyi, an accomplice in the murder, was planning an escape route to Myawady and they were able to corner and arrested Myint Myint Htwe, age 39, wife of Chit Ko Ko (a) Kyaw Gyi, Aung Ko Ko Chit, age 18, Zin Maung Maung (a) Arno, age 27, and Pyo Wai Aung (a) Ashegyi, age 40, who helped them to flee, at the checkpoint at the entrance to Bago.

The confessions of the suspects led to the arrest of three more suspects, who acted as scouts in terrorist acts including the assassination of U Cho Tun Aung, Min Sithu (a) Angelay,

See Page - 20

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

**Business and Health** — မောင်ယုယ

# ကုန်သွယ်ရေးတင်းမာမှုကြောင့် တရုတ်နှင့်အမေရိကန်တို့၏ နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှု ၂၀ ရာခိုင်နှုန်းလျော့ကျ




တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ကြားဖြစ်ပွားသည့် ကုန်သွယ်ရေးတင်းမာမှုကြောင့် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုသည် ယခုနှစ် ဧပြီလတွင် ၂၀ ရာခိုင်နှုန်း လျော့ကျသွားသည်ဟု တရုတ်အကောက်ခွန်ဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

နှစ်နိုင်ငံကြား အပြန်အလှန်ကုန်သွယ်မှုသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် အလားတူကာလအတွင်း၌ ဒေါ်လာ ၅၆ ဒသမ ၄ ဘီလီယံရှိခဲ့သော်လည်း ယခုနှစ် ဧပြီလတွင်မူ ဒေါ်လာ ၄၅ ဒသမ ၆ ဘီလီယံအထိကျဆင်းသွားသည်။ အကယ်၍ ကုန်သွယ်ရေးတင်းမာမှုအခြေအနေသည် ပိုမိုဆိုးရွားလာမည်ဆိုပါက နှစ်နိုင်ငံကြားကုန်သွယ်မှုသည် ထပ်မံကျဆင်းလာနိုင်ကြောင်း ကျွမ်းကျင်သူတစ်ဦးဖြစ်သူ အိုလ်ဂါ ဘီလန်ကာယာက သတိပေးထားသည်။

ထို့ပြင် တရုတ်နှင့်အမေရိကန်ပြည်ထောင်စုတို့ကြား အပြန်အလှန်ကုန်သွယ်မှုကျဆင်းလာခြင်းသည် တရုတ်နိုင်ငံအတွင်းရှိ စက်မှုထုတ်ကုန်ပစ္စည်းဝယ်လိုအားကို ကျဆင်းလာစေနိုင်သည်။ လက်ရှိတွင် တရုတ်နိုင်ငံသည် စက်မှုကုန်ကြမ်းပစ္စည်းအများဆုံးကို တင်သွင်းနေသည့် နိုင်ငံဖြစ်ကြောင်း အကဲဖြတ်တစ်ဦးဖြစ်သူ နီကိုလိုင်ဒက်ချင်ကိုက ပြောသည်။

ထို့ပြင် ကုန်သွယ်ရေးတင်းမာမှုကြောင့် တရုတ်နိုင်ငံအနေဖြင့် ၎င်းတို့၏ထုတ်ကုန်များကို အခြားနိုင်ငံများသို့ ဖြန့်ကြက်တင်ပို့ရန်လိုအပ်နိုင်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူများကပြောသည်။ Ref: Iv

## ရေနံစိမ်းဈေးနှုန်းကျဆင်းမှုနှင့် အကျိုးအမြတ်ပမာဏလျော့ကျလာခြင်းတို့ကြောင့် Petronas ကုမ္ပဏီက လုပ်သားအင်အား ၁၀ ရာခိုင်နှုန်းလျှော့ချမည်

ကျဆင်းလာသည့် ရေနံစိမ်းဈေးနှုန်းနှင့် အကျိုးအမြတ်ပမာဏ လျော့ကျလာခြင်းတို့ကြောင့် မလေးရှားနိုင်ငံပိုင် ရေနံကုမ္ပဏီကြီးဖြစ်သည့် Petronas က ကုန်ကျစရိတ်ကို လျှော့ချရန်အတွက် ၎င်း၏လုပ်သားအင်အားကို ၁၀ ရာခိုင်နှုန်းလျှော့ချမည်ဖြစ်သည်။

Petronas ကုမ္ပဏီအနေဖြင့် အကျိုးအမြတ်ကျဆင်းလာမှုနှင့် ဈေးကွက်မတည်ငြိမ်မှုများ၏သက်ရောက်မှုများကြောင့် လုပ်သားဦးရေ ၅၀၀၀ ခန့်ကို လျှော့ချမည်ဖြစ်ကြောင်း အလုပ်အမှုဆောင်ချုပ် မူဟာမက် တောဖစ်က ဇွန်လ ၅ ရက်တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ပြောသည်။ ထို့ပြင် အဆိုပါကုမ္ပဏီကလုပ်ဆောင်နေသည့် ဝန်ထမ်းအလုပ်ခန့်ထားခြင်းကိုလည်း လာမည့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလအထိ ရပ်ဆိုင်းထားမည်ဖြစ်သည်။

Petronas ရေနံကုမ္ပဏီ၏ အကျိုးအမြတ်ပမာဏသည် ၂၀၂၃ ခုနှစ်တွင် ၂၁ ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် ၃၂ ရာခိုင်နှုန်းအသီးသီးကျဆင်းခဲ့သည်။ ထို့ပြင် ရေနံစိမ်းဈေးနှုန်းများကျဆင်းလာမှုနှင့် ဈေးကွက်မတည်ငြိမ်မှုတို့ကြောင့် ၎င်းကုမ္ပဏီ၏အကျိုးအမြတ်သည် ယခု ၂၀၂၅ ခုနှစ်တွင် ဆက်လက်ကျဆင်းလာနိုင်သည်ဟု ခန့်မှန်းထားသည်။ Ref: ST




## ခန္ဓာကိုယ်အလေးချိန်ကိုလျော့ကျစေသည့် နာမည်ကြီးဆေးဝါးက ကင်ဆာရောဂါဖြစ်ပွားမှုကို မြင့်တက်စေနိုင်

ခန္ဓာကိုယ်အလေးချိန်ကို လျော့ကျစေသည့် နာမည်ကြီးဆေးဝါးသည် သုံးစွဲသူများတွင် ကင်ဆာရောဂါဖြစ်ပွားမှုကို မြင့်တက်စေနိုင်ကြောင်း သုတေသနအသစ်တစ်ခုတွင် ဖော်ပြထားသည်။


ကိုယ်အလေးချိန်လျော့ကျစေသည့် နာမည်ကြီးဆေးဝါးတစ်မျိုးဖြစ်သော Ozempic နှင့် အလားတူဆေးဝါးများသည် သုံးစွဲသူများတွင် ကျောက်ကပ်ကင်ဆာဖြစ်ပွားနိုင်ခြေကို ၃၃ ရာခိုင်နှုန်းမြင့်တက်စေနိုင်ကြောင်း အမေရိကန်ကုခန်းဆိုင်ရာဆေးဝါးအဖွဲ့အစည်းက ကျင်းပသည့်ကွန်ဖရင့်၌ တင်သွင်းသည့်သုတေသနစာတမ်းတွင် ဖော်ပြထားသည်။

သုတေသနပညာရှင်များသည် အမေရိကန်ပြည်ထောင်စု ဖလော်ရစ်ဒါပြည်နယ်ရှိ ရောဂါဝေဒနာရှင်ပေါင်း ၈၆၀၀၀ ကျော်ကို ၁၀ နှစ်ကာလအတွင်းလေ့လာခဲ့ရာ ၎င်းတို့အနက်မှ ၈၃ ဦးသည် ကိုယ်အလေးချိန်လျော့ကျစေသည့် ဆေးဝါးများကိုသုံးစွဲခဲ့ကြောင်းတွေ့ရှိခဲ့ရသည်။

ကင်ဆာရောဂါသည် အစောပိုင်းအဆင့်တွင် ရောဂါလက္ခဏာပြသမှုမရှိဘဲ ရောဂါလက္ခဏာပြသချိန်များတွင် ရောဂါမှာပျံ့နှံ့သွားနိုင်သောကြောင့် ယင်းအခြေအနေမျိုးတွင် ရောဂါအား ကုသရန်ခက်ခဲစေတတ်ကြောင်း အင်ဒီယာနာတက္ကသိုလ်မှ သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဟောင်တိုင်ကပြောသည်။ ထို့ကြောင့် ယခုတွေ့ရှိမှုသည် စိုးရိမ်ဖွယ်ဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ Ref: RT




## စိမ်းလန်းစိုပြည်မှုရှိသည့်ပတ်ဝန်းကျင်က လူသားများ၏စိုးရိမ်ကြောင့်ကြမှုနှင့် စိတ်ဖိစီးမှုတို့ကိုဖြေဖျောက်ရာတွင် အထောက်အကူပြုဟုဆို



ဇီဝမျိုးကွဲများပေါကြွယ်ဝပြီး စိမ်းလန်းစိုပြည်မှုရှိသည့် ပတ်ဝန်းကျင်တို့သည် စိတ်ကျန်းမာရေးကို ပိုမိုတိုးတက်ကောင်းမွန်စေနိုင်ပြီး လူသားများတွင် ဖြစ်ပွားတတ်သည့် စိုးရိမ်ကြောင့်ကြမှုနှင့် စိတ်ဖိစီးမှုကဲ့သို့သော အခြေအနေများကို ဖြေဖျောက်ရာတွင် အထောက်အကူပြုကြောင်း လေ့လာမှုတစ်ရပ်တွင် ဖော်ပြသည်။

ဇီဝမျိုးစုံမျိုးကွဲသည့်ဒေသများ သို့မဟုတ် စိမ်းလန်းစိုပြည်သည့်သစ်တောများနှင့် ပန်းခြံများကဲ့သို့သောနေရာများသည် စိတ်ကြောင့်ဖြစ်ပေါ်သည့် အပြုသဘောမဆောင်သော အခြေအနေများကို ဟန့်တားပေးနိုင်ပြီး သဘာဝတရားကြီးသည် လူသားများ၏ စိတ်ကျန်းမာရေးအပေါ် လွှမ်းမိုးမှုရှိသည်ဟု Nature Cities တွင်ဖော်ပြထားသည်။

ကျွမ်းကျင်သူများသည် ဇီဝမျိုးကွဲစုံလင်သည့် နေရာဒေသများကို အမျိုးအစားသုံးမျိုးခွဲခြား၍ ဖော်ပြထားသည်။ ၎င်းတို့မှာ အပန်းဖြေနိုင်သည့်နေရာများ၊ အဓိကကျသည့် ဇီဝမျိုးစုံလင်သော နေရာဒေသများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိသေးသည့် သစ်တောဧရိယာများ ပါဝင်သည်။

စိတ်ကျန်းမာရေးသည် ယခုအခါ ကမ္ဘာတစ်ဝန်းရှိ လူသားများအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်လာပြီး စိတ်ကျန်းမာရေးချို့တဲ့မှုကြောင့် ၂၀၃၀ ပြည့်နှစ်အတွင်းမှာပင် ကမ္ဘာ့စီးပွားရေးအား ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံဆုံးရှုံးနစ်နာစေခဲ့ကြောင်း၊ လူသားများတွင် အဖြစ်အများဆုံး စိတ်ကျန်းမာရေးချို့တဲ့မှုမှာ စိုးရိမ်ကြောင့်ကြမှုနှင့် စိတ်ဖိစီးမှုတို့ဖြစ်ကြောင်း လေ့လာမှုတွင် ဆက်လက်ဖော်ပြထားသည်။ Ref: RC

# ပူတင်နှင့်ထရမ့်တို့ကြားလုပ်ဆောင်သည့် တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြောဆိုမှုက အပြုသဘောဆောင်ဟု ရုရှားအစိုးရပြော



မော်စကို၊ နိုင်ငံရေး

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ကြား လုပ်ဆောင်ခဲ့သည့်တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြောဆိုမှုသည် အပြုသဘောဆောင်ကြောင်း ရုရှားအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စကော့က ဇွန်လ ၅ ရက်တွင် ပြောသည်။

နှစ်နိုင်ငံခေါင်းဆောင်များကြား လုပ်ဆောင်ခဲ့သည့် တယ်လီဖုန်းမှတစ်ဆင့်ပြောဆိုမှုသည် အပြုသဘောဆောင်သည့်အပြင် နှစ်နိုင်ငံစလုံးအတွက် လိုအပ်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များသည် အဆိုပါပြောဆိုမှုအတွင်း အရေးပါသည့်ကိစ္စရပ်အများအပြားကို ဆွေးနွေးခဲ့ကြကြောင်း ပက်စကော့က ဆက်ပြောသည်။

နှစ်နိုင်ငံခေါင်းဆောင်များကြား လုပ်ဆောင်ခဲ့သည့်အဆိုပါပြောဆိုမှုအတွင်းသဘောတူညီချက်ချမှတ်မှုမရှိသော်လည်း ထိုသို့ ဆက်သွယ်ပြောဆိုခြင်း၏အရေးပါမှုကို ခေါင်းဆောင်နှစ်ဦးစလုံးက နားလည်သဘောပေါက်ထားကြောင်း ပက်စကော့က ဆက်လက်ပြောကြားခဲ့ကြောင်း သိရ သည်။

ပူတင်နှင့် ထရမ့်တို့ကြား အဆိုပါဆက်သွယ်ပြောဆိုမှုသည် ယူကရိန်းနိုင်ငံက ရုရှားနိုင်ငံအပေါ် တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ Ref: Ivz

# ရုရှားနိုင်ငံအား အကြွင်းမဲ့ဆက်လက်ထောက်ခံသွားမည်ဟု မြောက်ကိုရီးယားခေါင်းဆောင်ပြော



ပြုံယမ်း၊ နိုင်ငံရေး

မြောက်ကိုရီးယားအစိုးရအနေဖြင့် ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်ငံအား အကြွင်းမဲ့ဆက်လက်ထောက်ခံသွားမည်ဟု မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအွန်က ပြောကြားလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနိုင်ငံရေးကိစ္စရပ်များတွင် ရုရှားအစိုးရ၏ရပ်တည်ချက်နှင့် နိုင်ငံခြားရေးမူဝါဒ၊ အထူးသဖြင့် ယူကရိန်းအရေးတွင် အကြွင်းမဲ့ဆက်လက်ထောက်ခံမည်ဟု ခေါင်းဆောင်ကင်က ရုရှားလုံခြုံရေးကောင်စီ တွင်းရေးမှူး ဆာဂျီရှိုင်းဂူနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် KCNA သတင်းအေဂျင်စီက ဇွန်လ ၅ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါတွေ့ဆုံမှုတွင် မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့သည် ၎င်းတို့ကြား မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရေးအတွက်လည်း ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများကို ကာကွယ်ရာတွင် အောင်မြင်မှုရရှိမည်ဟု မျှော်လင့်ကြောင်း ခေါင်းဆောင်ကင်က ဆက်လက်ပြောကြားသည်။

အလားတူပင် မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့သည် ကိုရီးယားကျွန်းဆွယ်တွင် ဖြစ်ပွားနေသည့် ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

Ref: Ivz

# ဂိုဏ်းဖွဲ့ရာဇဝတ်မှုကျူးလွန်သူများက ဗြိတိန်အခွန်နှင့်အကောက်ခွန်ဌာနမှ စတာလင်ပေါင် ၄၇ သန်းကိုခိုးယူ



လန်ဒန်၊ ရာဇဝတ်မှု

ဂိုဏ်းဖွဲ့ရာဇဝတ်မှုကျူးလွန်သူများသည်ဗြိတိန်နိုင်ငံ အခွန်နှင့် အကောက်ခွန်ဌာန (HMRC) မှ စတာလင်ပေါင် ၄၇ သန်း (ဒေါ်လာ ၆၄ သန်း) ကို ခိုးယူသွားခဲ့ကြောင်းသိရသည်။

ရာဇဝတ်မှုကျူးလွန်သူများသည် လူပေါင်း ၁၀၀၀၀၀ ကျော်ထံသို့ အီးမေးနှင့် မက်ဆေ့များ ပေးပို့၍ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များနှင့် စာရင်းများကို ခိုးယူ၍ ငွေများကို လိမ်ညာထုတ်ယူသွားခြင်းဖြစ်ကြောင်း HMRC မှ ဒုတိယ ညွှန်ကြားရေးမှူး အိန်ဂျဲလာ မက်ဒေါ်နယ် မက်ဒေါ်နယ်က ပြောသည်။

ပြစ်မှုကျူးလွန်သူများသည် ငွေကြေးများကို သုံးကြိမ်ထုတ်ယူသွားခြင်းဖြစ်ပြီး အဆိုပါဖြစ်စဉ်သည်ပြီးခဲ့သည့်နှစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းဌာနကြီးတစ်ခုက ဇွန်လ ၄ ရက်တွင် ဖော်ပြထားသည်။

ငွေကြေးများကို ခိုးယူသွားခဲ့သူများသည် HMRC မှ ပြည်သူများ၏ ကိုယ်ရေးအချက်အလက်များကို ရယူနိုင်ရန်အတွက် အီးမေးနှင့် မက်ဆေ့များပေးပို့၍ လိမ်ညာသည့်နည်းလမ်းကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

နယ်သာလန်နိုင်ငံတွင်လည်း ထိုကဲ့သို့သောဖြစ်စဉ်မျိုးဖြစ်ပွားခဲ့ကြောင်း ယင်းနိုင်ငံမှ ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ BNR ရေဒီယိုအသံလွှင့်ဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။ Ref: Ivz

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### အာကာသအတွင်းသို့ သွားရောက်ခဲ့သည့် ပထမဆုံးသောကနေဒါနိုင်ငံသားကွယ်လွန်

ကနေဒါနိုင်ငံသားများအနက် အာကာသအတွင်းသို့ ပထမဆုံးသွားရောက်ခဲ့သည့် မာ့ခ်ဂါနူးသည် အသက် ၇၆ နှစ်အရွယ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်းသိရသည်။

ဂါနူးသည် ၁၉၈၄ ခုနှစ်တွင် နာဆာမှစီစဉ်သည့် အာကာသမစ်ရှင်တွင်ပါဝင်ခဲ့ပြီးနောက်ကနေဒါနိုင်ငံသားများအနက်အာကာသသို့ ပထမဆုံးသွားရောက်ခဲ့သူဖြစ်လာသည်။ ၎င်းသည် ဇွန်လ ၄ ရက်တွင် မိသားစုဝင်များနှင့်အတူရှိနေစဉ် သေဆုံးသွားခြင်းဖြစ်သည်။

ဂါနူးသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ကနေဒါအာကာသ အေဂျင်စီ၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခေတ္တထမ်းဆောင်ခဲ့သူဖြစ်ကြောင်းသိရသည်။

Ref: Ivz

### မော်တော်ယာဉ် အစင်းပေါင်း ၃၀၀၀ ကျော်ကို တင်ဆောင်လာသည့် သင်္ဘောတစ်စင်း ပစိဖိတ်သမုဒ္ဒရာအတွင်း မီးလောင်ကျွမ်း

မော်တော်ယာဉ်အစင်းပေါင်း ၃၀၀၀ ကျော်ကို တင်ဆောင်လာသည့် သင်္ဘောတစ်စင်းသည် ပစိဖိတ်သမုဒ္ဒရာအတွင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

The Morning Midas ဟုအမည်ပေးထားသည့် အဆိုပါသင်္ဘောပေါ်တွင် လျှပ်စစ်ကားများကို တင်ဆောင်လာခဲ့ပြီး အလက်ဆကာကမ်းလွန်တွင် ဇွန်လ ၃ ရက်က မီးစွဲလောင်ခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုကြောင့် သင်္ဘောပေါ်တွင်လိုက်ပါလာသည့် ရေယာဉ်အမှုထမ်း ၂၂ ဦးစလုံးကို အနီးအနားမှ ဖြတ်သန်းသွားသည့် ကုန်တင်သင်္ဘောတစ်စင်းက ကယ်ဆယ်နိုင်ခဲ့သည်။

The Morning Midas သင်္ဘောသည် တရုတ်နိုင်ငံမှ မေလ ၂၆ ရက်တွင် ထွက်ခွာလာပြီး မက္ကဆီကိုနိုင်ငံ၊ လာဇာရို ကာဒီးနက်ဖ် ဆိပ်ကမ်းသို့ မောင်းနှင်လာခြင်းဖြစ်ကြောင်းသိရသည်။

Ref: Ivz

### ဂျာမနီနိုင်ငံမှ အီတလီနိုင်ငံသို့ ပျံသန်းလာသည့် လေယာဉ်တစ်စင်း လေထန်မှုကြောင့်လှုပ်ယမ်း၊ ကိုးဦးဒဏ်ရာရ

ဂျာမနီနိုင်ငံမှ အီတလီနိုင်ငံသို့ပျံသန်းလာသည့် ခရီးသည်တင်လေယာဉ်တစ်စင်းသည် ပျံသန်းနေစဉ် လေထန်ပြီး လှုပ်ယမ်းသွားခဲ့ခြင်းကြောင့် လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ကိုးဦး ဒဏ်ရာရရှိသွားကြောင်း ဂျာမနီသတင်းစာကြီးတစ်စောင်ဖြစ်သည့် Die Zeit က ဇွန်လ ၅ ရက်တွင် ဖော်ပြသည်။

ဘာလင်မြို့မှ အီတလီနိုင်ငံ မီလန်မြို့သို့ ပျံသန်းလာသည့် အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် ၁၈၅ ဦးလိုက်ပါလာခဲ့ပြီး ဒဏ်ရာရရှိသူများတွင် လေယာဉ်အမှုထမ်း ရှစ်ဦးနှင့် ခရီးသည်တစ်ဦး ပါဝင်ကြောင်းသိရသည်။

ဒဏ်ရာရရှိသူများအနက် သုံးဦးကို တာဝန်ရှိသူများက ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Ref: Ivz

## Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့၏ လုပ်ကြံသတ်ဖြတ်မှုများ


ဦးမင်းတေဇာညွန့်တင်၊ ဥပဒေအတိုင်ပင်ခံ (သေဆုံး)(၂၄-၃-၂၀၂၃)


လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦးအား ချောင်းမြောင်း ပစ်ခတ်ခဲ့မှု(လူထိခိုက်မှုမရှိ)(၁၅-၈-၂၀၂၃)


ဦးသန်းထွန်း၊ အမျိုးသားဒီမိုကရေစီပါတီသစ် ဥက္ကဋ္ဌ(သေဆုံး) (၁-၁၂-၂၀၂၃)


ဦးသန့်ဇင် (ထွေ/အုပ် ယာဉ်မောင်း) (မစိုးရိမ်ရ) (၁၃-၁၀-၂၀၂၄)


ဦးချိုထွန်းအောင်၊ သံအမတ်ကြီး (ငြိမ်း)၊ (သေဆုံး) (၂၂-၅-၂၀၂၅)

● **ကျောဖုံးမှအဆက်**

(၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်းနှင့် ဝိဇ္ဇာလမ်းထောင့်နေ သံအမတ်ကြီး (ငြိမ်း) ဦးချိုထွန်းအောင်သည် နေအိမ်ရှေ့တွင် မြေးဖြစ်သူနှင့် အတူ လမ်းလျှောက်နေစဉ်(စိစစ်ဆဲ) ကျား ၂ ဦးမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ဦးချိုထွန်းအောင် သေဆုံးခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။

ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သည့် တရားခံများ ရှာဖွေတွေ့ရှိရေး စုံစမ်းဖော်ထုတ်ခဲ့ရာ ပြည်သူလူထု၏ ပူးပေါင်းပါဝင် သတင်းပေးမှုကြောင့် ဖြစ်စဉ်ဖြစ်ပွားသည့်နေ့တွင် အကြမ်းဖက်အဖွဲ့များ အသုံးပြုခဲ့သည့် စက်ဘီးအား သုံးဘီးယာဉ် ၁ စီးပေါ်တွင် တင်ဆောင်သွားသည်ကိုတွေ့ရှိခဲ့ကြောင်း သိရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ မေလ ၂၃ ရက်နေ့တွင် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် သုံးဘီးယာဉ်မောင်းနှင်သူ **စန်းထက်အောင်(ခ)ပဲခူးသား**(၄၀) နှစ်အား မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ခိုင်ရွှေဝါ(၃)လမ်း၊ အမှတ်(၂၄၈)ရှိနေအိမ်၌ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့် စက်ဘီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။ ထို့ပြင် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင် ထောက်ပို့အဖြစ် ဆောင်ရွက်ခဲ့သည့် **ဝင်းသူ(ခ)ကုလားလေး** (၃၉)နှစ်အား မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စိန်ချယ်လမ်းတို၊ အမှတ်(၂၃၃)ရှိနေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ မေလ ၂၅ ရက်နေ့တွင် ဦးချိုထွန်းအောင်အား လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသည့်တရားခံ **မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ)လင်းလက်ဇော်**(၂၈)နှစ်၊ ၎င်း၏ဇနီးဖြစ်သူ **ပြုံးပြုံး**(၂၄)နှစ်၊ သမီးဖြစ်သူ **လင်းလက်ရွှေ**(၆)နှစ်တို့အား ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်းတွင် လည်းကောင်း၊ ၎င်းတို့အား လိုက်ပါပို့ဆောင်ပေးခဲ့သည့် ယာဉ်မောင်း **အောင်ဆန်းဟိန်း** (၂၅)နှစ်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသူ **ညီညီလှိုင်**(၃၉)နှစ်တို့အား မွန်ပြည်နယ်၊ မုဒုံမြို့တွင်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ မျိုးကိုကို(ခ) စိုင်းကိုကို(ခ)ဇင်မင်းထက် (ခ) လင်းလက်ဇော်၏ ထွက်ဆိုချက်အရ ဦးချိုထွန်းအောင် လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်ခဲ့သည့် ဖမ်းဆီးရန်ကျန်တရားခံ ချစ်ကိုကို (ခ)ကျော်ကြီး၏ မိသားစုဝင်များသည် မြဝတီမြို့ဘက်သို့ ထွက်ပြေးတိမ်းရှောင်ရန် လုပ်ဆောင်နေကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ မေလ ၂၆ ရက်နေ့တွင် ချစ်ကိုကို (ခ)ကျော်ကြီး၏ဇနီး **မြင့်မြင့်ထွေး**(၃၉)နှစ်၊ **အောင်ကိုကိုချစ်**(၁၈)နှစ်၊ **ဇင်မောင်မောင်(ခ) အာနီး** (၂၇)နှစ်နှင့် ထွက်ပြေးတိမ်းရှောင်ရာတွင် ကူညီဆောင်ရွက်ပေးခဲ့သည့် **ဖြိုးဝေအောင်(ခ) အရှည်ကြီး** (၄၀)နှစ်တို့အား ပဲခူးမြို့အဝင် စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ မေလ ၂၉ ရက်တွင် ဦးချိုထွန်းအောင်အားလုပ်ကြံသတ်ဖြတ်မှုအပါအဝင် ၎င်းတို့ အကြမ်းဖက်အဖွဲ့ ဆောင်ရွက်ခဲ့သော လုပ်ကြံသတ်ဖြတ်မှုများ၌ Scout ကြည့်ရှုပေးခဲ့သည့် တရားခံ **မင်းစည်သူ(ခ)အငယ်လေး** (၂၉)နှစ်နှင့် **ကျော်ဇင်သန့်(ခ)လွင်ကြီး (ခ)ကျော်ဇင်** (၃၃)နှစ်တို့အား ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေး ရပ်ကွက်၊ ဈေးကလေးလမ်း၊ အမှတ်(၁၇၇)ရှိ နေအိမ်၌လည်းကောင်း၊


မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ခိုင်ရွှေဝါ(၃)လမ်း၊ အမှတ်(၂၄၈)နေအိမ်၌ ဖမ်းဆီးရမိသည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ

စန်းထက်အောင်(ခ) ပဲခူးသား (၄၀) နှစ် (သုံးဘီးဘေးတွဲ ဆိုင်ကယ်မောင်းနှင်သူ)


မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ စိန်ချယ်လမ်းတို၊ အမှတ်(၂၃၃)နေအိမ်၌ ဖမ်းဆီးရမိသည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ

ဝင်းသူ(ခ)ကုလားလေး (၃၉)နှစ် (လုပ်ကြံသတ်ဖြတ်ရန် တိုင်ပင်သူ)

တရားခံ **ဟန်လင်းအောင်**(၂၈)နှစ်၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သိန္ဓီလမ်း၊ အမှတ်(၃၂) နေသူအားလည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံ မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်၏ထွက်ဆိုချက်အရ ၎င်းသည် ဦးချိုထွန်းအောင်အား လုပ်ကြံသတ်ဖြတ်စဉ် သေနတ်ကျည်ပေါက်ထွက်၍ ဘယ်ဘက်ခြေထောက်ဒဏ်ရာရရှိခဲ့ပြီး အဆိုပါဒဏ်ရာအား သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၅၂၄)ရှိ "လင်း" အထူးကုဆေးရုံ၌ လျှို့ဝှက်စွာဆေးကုသခဲ့ကြောင်း သိရှိရသဖြင့် မေလ ၂၆ ရက်နေ့ ညနေပိုင်းတွင် တရားမဝင်ဆေးကုသပေးခဲ့သော DCS ဆရာဝန် **ဇော်ကိုကို**(၃၈)နှစ်နှင့် DCS ဆရာဝန်များဖြင့် စုစည်းဖွင့်လှစ်ထားသည့် "လင်း" အထူးကုဆေးရုံပိုင်ရှင် ဒေါက်တာ**ရဲလင်းစိုး** (၃၆)နှစ်တို့အား ဖမ်းဆီးရမိခဲ့ပါသည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၁၃ ဦး၊ မ ၃ ဦး၊ စုစုပေါင်း ၁၆ ဦးတို့ကို လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက် အရ ၂၀၂၃ ခုနှစ်၊ မတ်လတွင် Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့အား ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌အကြမ်းဖက်အဖွဲ့ အစည်းဖြစ်သော NUG မှတရားခံပြေးရည်မွန်၏ စီစဉ်ထောက်ပံ့ပေးမှုဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့တွင် ဖမ်းဆီးရန်ကျန်တရားခံကိုထက်ခေါင်းဆောင်၍ အင်အား ၈ ဦးရှိပြီး ရန်ကုန်မြို့၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများလုပ်ဆောင်ရန်နှင့် ၎င်းတို့မကျေနပ်သည့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရမေလ ၁၅ ရက်တွင် Golden Valley Warrior အမည်ခံ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် ဖမ်းဆီးရန်ကျန်တရားခံ ကိုထက်သည် Telegram မှတစ်ဆင့် ဦးချိုထွန်းအောင်၏ ဓာတ်ပုံနှင့် နေအိမ်တည်နေရာ Google Map တို့အားပေးပို့ခဲ့ပြီး လုပ်ကြံသတ်ဖြတ်ရန်စေခိုင်းခဲ့ကြောင်း၊ ဖမ်းဆီးရမိတရားခံများဖြစ်သည့် မျိုးကိုကို(ခ) စိုင်းကိုကို (ခ)ဇင်မင်းထက်(ခ) လင်းလက်ဇော်၊ မင်းစည်သူ(ခ) အငယ်လေး၊ ကျော်ဇင်သန့်(ခ) လွင်ကြီး(ခ) ကျော်ဇင်နှင့် ဖမ်းဆီးရန်ကျန်တရားခံ ချစ်ကိုကို(ခ)ကျော်ကြီးတို့သည်ဦးချိုထွန်းအောင်၏နေအိမ် ဝန်းကျင်သို့ (၆)ကြိမ်သွားရောက်၍ အခြေအနေကြည့်ခဲ့ကြောင်း၊ မေလ ၂၁ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ ကိုထက်မှ မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ) လင်းလက်ဇော်ထံသို့ ပစ္စတို ၂လက်အားပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

မေလ ၂၂ ရက်တွင် မျိုးကိုကို(ခ) စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ) လင်းလက်ဇော်နှင့် ဖမ်းဆီးရန်ကျန်တရားခံ ချစ်ကိုကို(ခ)ကျော်ကြီးတို့ ကျည်ပေါက်ထွက်၍ ၎င်း၏ဘယ်ခြေထောက်အား ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းနောက် စက်ဘီးဖြင့် ရွှေပေါက်ကံမြို့သစ်ရှိ Safe House သို့ပြန်လာခဲ့ပြီး စက်ဘီးနှင့် လုပ်ကြံသတ်ဖြတ်စဉ် ဝတ်ဆင်ခဲ့သည့် အဝတ်အစားများအား စန်းထက်အောင်(ခ)ပဲခူးသားနှင့် ဝင်းသူ(ခ) ကုလားလေးတို့အား ဖွက်ထားခိုင်းခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖမ်းဆီးရမိတရားခံ မျိုးကိုကို (ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ) လင်းလက်ဇော်၏ ထွက်ဆိုချက် အရ ၎င်းသည်ရရှိခဲ့သည့်ဒဏ်ရာ အား ဆေးကုသရန်အတွက် ဖမ်းဆီးရန်ကျန်တရားခံ အောင်သူမှ ကြိုတင်ချိတ်ဆက်ပေးထားသည့် "လင်း"အထူးကုဆေးရုံရှိ DCS ဆရာဝန်ဇော်ကိုကိုထံသို့ သွားရောက်၍ လျှို့ဝှက်စွာဆေးကုသမှုခံယူခဲ့ကြောင်း၊ ၎င်းနောက် မိသားစုနှင့်အတူ ပခုက္ကူမြို့နယ်ဘက်၌ တိမ်းရှောင်ရန်သွားရောက်စဉ် ပုဂံမြို့ဟောင်း၌ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ တရားခံပြေးရည်မွန်၏ စေခိုင်းမှုဖြင့် Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်ရည်ရွယ်

### ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်း ရောလှေဆိပ်တွင် ဖမ်းဆီးရမိသည့် တရားခံ၏မှတ်တမ်းဓာတ်ပုံ


မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ)လင်းလက်ဇော် (၂၈)နှစ်(လုပ်ကြံသတ်ဖြတ်သူ)


ပြုံးပြုံး(၂၄)နှစ်(တရားခံ မျိုးကိုကို (ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ) လင်းလက်ဇော်၏ဇနီး)


လင်းလက်ရွှေ(၆)နှစ် (တရားခံ မျိုးကိုကို (ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ) လင်းလက်ဇော်၏သမီး)

သည် ကိုထက်မှ ငှားရမ်းပေးထားသည့် ရွှေပေါက်ကံမြို့သစ်၊ (၂၂) ရပ်ကွက်၊ သပြေခြံမြို့ပတ်လမ်း၊ အမှတ်(ရ/၁၀၃/၁၀၄)ရှိ Safe House မှ စက်ဘီးဖြင့်ထွက်ခွာခဲ့ကြောင်း၊ ဦးချိုထွန်းအောင်၏ နေအိမ်ရှေ့ အရောက်တွင် လမ်းလျှောက် နေသော ဦးချိုထွန်းအောင်အား မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ)လင်းလက်ဇော်မှ အသင့်ယူဆောင်လာသည့် ပစ္စတိုဖြင့် ၄ ချက် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်စဉ် ပစ္စတိုကျည်ညပ်သဖြင့် ရှင်းလင်းစဉ် ၍ အောက်ပါအတိုင်း လုပ်ကြံသတ်ဖြတ်မှု (၄)ကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်-

(က) ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်တွင် မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက် (ခ)လင်းလက်ဇော်သည် သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေးလမ်းနေ ဥပဒေအတိုင်ပင်ခံ **ဦးမင်းတေဇာညွန့်တင်**အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံ ချစ်ကိုကို(ခ)ကျော်ကြီးတို့မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။ **စာမျက်နှာ ၂၆ သို့** ●

# အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့်ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်းပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာသတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

➢ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-

(က) လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့်မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask) အား စနစ်တကျဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့်နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

➢ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

➢ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

**(၄-၆-၂၀၂၅)**

# လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဆွေးနွေးပွဲပြုလုပ်

ရန်ကုန်   ဇွန်   ၅

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲကို ယနေ့တွင် ပြုလုပ်သည်။

ရှေးဦးစွာ စာရေးဆရာမ မေ(ရန်ကုန်)နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံ-၃(ပြ) ဒေါ်ကြွယ်ကြွယ်ဖြိုးစံတို့က မူးယစ်ဆေးဝါးအစ ဆေးလိပ်ကဖြစ်ကြောင်း၊ ဆေးလိပ်မှစ၍ ဘိန်းဖြူ၊ ဆေးခြောက်၊ WY စသည့် လူ၏စိတ်ကိုမူးယစ်စေတတ်သော ဆေးတစ်မျိုးမျိုးကို စမ်းသပ်သုံးစွဲမိပါက စွဲလမ်းစေခြင်း၊ မူးယစ်စေခြင်း၊ မသောက်ရ မနေနိုင်အောင်ဖြစ်လာခြင်း၊ ကျန်းမာရေးချို့တဲ့လာခြင်း၊ ငွေကြေးကုန်ကျမှုများလာခြင်း၊ မှတ်ဉာဏ်လျော့နည်းလာခြင်း၊ အလုပ်အကိုင်မလုပ်နိုင်တော့ခြင်း၊ ပေါင်းသင်းဆက်ဆံရေးနှင့် လူနေမှုဘဝပျက်စီးလာခြင်းနှင့် နောက်ဆုံးအသက်သေဆုံးသည်အထိ ဆိုးကျိုးများစွာပေးတတ်ကြောင်း အသိပညာပေးဆွေးနွေးကြသည်။

ဆက်လက်၍ စာရေးဆရာမ မေ(ရန်ကုန်)က ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ်များ မူးယစ်ဆေးဝါးကို ဝေးဝေးမှရှောင်ကြဉ်ကြရန်၊ နောင်တစ်ခေတ်တွင် နိုင်ငံ့ခေါင်းဆောင်များဖြစ်လာမည့် မျိုးဆက်သစ်လူငယ်များ လမ်းမှားမလိုက်မိအောင်၊ လူပေါင်းမမှားအောင် ဆင်ခြင်နိုင်စေရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်မိုး ခရိုင်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျောကေ ၁၀၂၀ စိုက်ပျိုးရန်လျာထား

ပွင့်ဖြူ   ဇွန်   ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျောကေ ၁၀၂၀ စိုက်ပျိုးရန်လျာထားကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျောကေ ၁၀၂၀ စိုက်ပျိုးရန်လျာထားပြီး စိုက်ကေပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ဇွန်လမှ စက်တင်ဘာလအထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ငှက်ပျောကေ ၁၀၂၀ စိုက်ပျိုးဖို့လျာထားပါတယ်။ သတ်မှတ်စိုက်ကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးမှာပါ။ ဇွန်လထဲမှာ စတင်စိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိမှာ ငှက်ပျောဈေးကွက်ကလည်း ကောင်းနေတာကြောင့် ငှက်ပျောစိုက်ပျိုးရေးလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျောစိုက်တောင်သူများအနေဖြင့် လျာထားစိုက်ကေပြည့်မီရေး၊ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးနှင့် စိုက်နည်းစနစ်မှန်ကန်စေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ငှက်ပျောကို အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် စိုက်ပျိုးသူများဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်အောင် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

● **စာမျက်နှာ ၂၅ မှအဆက်**

(ခ) ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် မျိုးကိုကို(ခ) စိုင်းကိုကို(ခ)ဇင်မင်းထက် (ခ) လင်းလက်ဇော်နှင့် **ချစ်ကိုကို(ခ) ကျော်ကြီး**တို့သည် ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ပန်းခြံ(၄)လမ်း၌ **လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး**အား ပစ္စတိုဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ပြီး **ဟန်လင်းအောင်**မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

(ဂ) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်နေ့တွင်မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်သည် သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၃)လမ်းနေ **အမျိုးသားဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ ဦးသန်းထွန်း**အား ပစ္စတိုဖြင့်ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး မင်းစည်သူ(ခ)အငယ်လေးနှင့် ကျော်ဇင်သန့်(ခ) လွင်ကြီး(ခ)ကျော်ဇင်တို့မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

(ဃ) ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ)လင်းလက်ဇော်သည်လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ အောင်မင်္ဂလာကျောင်းအနီးတွင် မစဖအဖွဲ့ဝင်(၂)ဖြစ်သူ ဦးရွှေမန်းအား ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ရာ **ယာဉ်မောင်းဖြစ်သူ ဦးသန့်ဇင်**တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကျော်ဇင်သန့်(ခ)လွင်ကြီး(ခ)ကျော်ဇင်မှအခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ Golden Valley Warrior အကြမ်းဖက်အဖွဲ့သည် ရန်ကုန်မြို့အတွင်း၌ အပြစ်မဲ့ပြည်သူများအား ဒလန်အဖြစ်စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့လုပ်ကြံသတ်ဖြတ်ခြင်းများအတွက် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG က (၁)ကြိမ်လျှင် ၂ သိန်းကျပ် NUG Pay မှ တစ်ဆင့်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

**မုဒုံမြို့နယ်၊ တော်ကူးတံခွန်တိုင်ကျေးရွာ၌ ဖမ်းဆီးရမိသည့် တရားခံ ၂ ဦး၏မှတ်တမ်းဓာတ်ပုံ**



**အောင်ဆန်းဟိန်း(၂၅)နှစ် (ညောင်ဦးသို့ပို့ဆောင်ပေးသူ)**



**ညီညီလှိုင်(၃၉)နှစ် (ညောင်ဦးသို့ပို့ဆောင်ရန် ချိတ်ဆက်ပေးသူ)**

**ပဲခူးမြို့အဝင် စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့သည့်တရားခံများ၏မှတ်တမ်းဓာတ်ပုံ**



**မြင့်မြင့်ထွေး(၃၉)နှစ် (ချစ်ကိုကို(ခ)ကျော်ကြီး၏ဇနီး)**



**အောင်ကိုကိုချစ်(၁၈)နှစ် (ချစ်ကိုကို(ခ)ကျော်ကြီး၏သား)**



**ဇင်မောင်မောင်(ခ)အာနိုး (၂၇)နှစ် (မြဝတီသို့ ပို့ဆောင်ပေးသူ)**



**ဖြိုးဝေအောင်(ခ)အရှည်ကြီး (၄၀)နှစ်(မြဝတီသို့ ပို့ဆောင်ရန် ချိတ်ဆက်ပေးသူ)**

# လျှပ်စီးကြောင့်... 

## ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သောအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇွန် ၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဇမ္ဗူသီရိမြို့နယ် သဇင်(၄) အဆောင် (၅)၊ သဇင်(၂)အဆောင် (၃)နှင့် တိုက်အမှတ် (၃၃၁၁၂)တို့ ပြန်လည်ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးနှင့် သောက်သုံးရေပြည့်စုံစွာရရှိရေး တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိရေလှောင်တမံ တမံကြံ့ခိုင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် သီရိမဏ္ဍိုင်လမ်းနှင့် သီရိရတနာလမ်းတို့တွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပင်မရေပိုက်လိုင်းနှင့် ရေပေးဝေရေးပိုက်လိုင်းများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တမံကြံ့ခိုင်မှုနှင့် ရေပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် အမြဲမပြတ်စစ်ဆေးရေးမှာကြားကာ လုပ်ငန်းဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

## အစိုးရဓမ္မာစရိယစာမေးပွဲ အငှမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇွန် ၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ အငှမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၀၆ ဌာနတို့၌ ဒုတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ အငှမနေ့ကို စာရင်းသွင်း ၄၄၈ ပါး/ဦးအနက် ၂၃၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၂ ဒသမ ၀၁ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း ၆၂၅၇၂ ပါး/ဦးအနက် ၄၆၁၃၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၃ ဒသမ ၇၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

### (၅-၆-၂၀၂၅)ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ (၅,၈၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၌ မိုးစပါး ၁၁၄၈၂၂၂ ဧက စိုက်ပျိုးရန်လျာထားဆောင်ရွက်

ရန်ကုန် ဇွန် ၅

၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၄ မြို့နယ်၌ မိုးစပါး ၁၁၄၈၂၂၂ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ မေလ ၃၁ ရက်အထိ မိုးစပါး ၆၅၆၂၇ ဧက စိုက်ပျိုးပြီးကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် မိုးဦးကာလစော၍ မိုးလေကောင်းမွန်မှုကြောင့် နွေစပါးရိတ်သိမ်းပြီးသော လယ်မြေများ၌ မြေယာပြုပြင်ခြင်းနှင့် မျိုးစေ့ချခြင်းတို့ကို တစ်ဆက်တည်း ဆောင်ရွက်ပြီး မေလကုန်ပိုင်းတွင် မိုးစပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကာ လျာထားဆောင်ရွက်လျက်ရှိသည့် ကျန်ဧက ၁၀ သိန်းကျော်ကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

“တိုင်းဒေသကြီးအတွင်းမှာ စပါးမျိုးအုပ်စု သုံးစုဖြစ်တဲ့ အထွက်ကောင်းမျိုး၊ အရည်အသွေးကောင်းမျိုးနဲ့ ဒေသမျိုးဆိုပြီး စိုက်ပျိုးပါတယ်။ အထွက်ကောင်းမျိုးဆိုရင် ၁၈ မျိုး၊ အရည်အသွေးကောင်းမျိုးဆိုရင် လေးမျိုးနဲ့ ဒေသမျိုးဆိုရင် ငါးမျိုးတို့ကို တစ်နှစ်ပတ်လုံးစိုက်ပျိုးပါတယ်။ အဲ့ဒီမျိုးတွေထဲမှာမှ လက်ရှိမိုးစပါးအနေနဲ့ အထွက်ကောင်းမျိုး လေးမျိုးကိုစိုက်ပျိုးထားပြီးပါပြီ။ ကျန်တဲ့မျိုးစပါးတွေကိုလည်း ဆက်စိုက်သွားမှာပါ။ တောင်သူတွေစပါးပိုပြီးစိုက်လေ ဝမ်းစာဖူလုံမှု ရာခိုင်နှုန်းပိုပြီးတိုးတက်လေပါပဲ”ဟု ရန်ကုန်တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးရာသီတွင် ၂၅၀၈၉၆ ဧကလျာထားခဲ့ပြီး ၂၆၇၀၇၈ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့၍ တစ်ဧက ၉၃ ဒသမ ၂၆ တင်းထွက်ရှိခဲ့သည်။ တစ်ဆက်တည်း မိုးစပါးများကို မေလမှ စက်တင်ဘာလကုန်ပိုင်းအထိ စိုက်ပျိုးသွားမည်ဖြစ်ပြီး အောက်တိုဘာလမှ ဇန်နဝါရီလဆန်းပိုင်းအထိ ရိတ်သိမ်းသွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ရန်၊ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ရန်နှင့် တစ်ဧကအထွက်နှုန်းတိုးတက်လာစေရန် Seeder ဖြင့် စိုက်ပျိုးခြင်း၊ ပန်းတိုင်အထွက်နှုန်းတိုးတက်စေရေးအတွက် နွေထယ်ရေးခံခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးနှင့် ဓာတ်မြေဩဇာသုံးစွဲမှု စနစ်တကျမှန်ကန်ရေးတို့ကို အသိပညာပေးခြင်းနှင့် ပိုးမွှားရောဂါကာကွယ်ရေးအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် သရုပ်ပြခြင်းတို့ကို ရာသီအလိုက် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှတောင်သူများထံ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရာသီအလိုက် အထွက်ကောင်းမျိုးများဖြစ်သည့် မနော်သုခ၊ ရွှေဝါထွန်း၊ ဆင်းသုခ၊ ရတနာတိုး၊ ရက်(၉၀)၊ ရာကျော်၊ သီးထပ်ရင်၊ ဆင်းသွယ်လတ်၊ မှော်ဘီဆန်း၊ GW-11၊ စူပါနံ့ကောက်၊ မှော်ဘီ-၃၊ ဒဂုံ၊ ပခမ်းရွှေဝါ၊ နယူးရောဂ-၁၁၊ ကရင်မထိပ်ဆောင်း စသည့်မျိုးစပါးများ၊ အဆင့်မြင့်မျိုးများဖြစ်သည့် ရောမင်း၊ ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းရင်၊ မှော်ဘီ(၂)၊ အင်းမရဲဘော်၊ ဘာစမာတီစသည့်မျိုးစပါးများနှင့် ဒေသမျိုးရင်းများဖြစ်သည့် ဇီယာ၊ မီးဒုံး၊ ငကျွဲ၊ ငစိန်နှင့်ကောက်ညှင်း စသည့် မျိုးစပါးများကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ဇွန်လဆန်းပိုင်းတွင် ရာကျော်၊ ရွှေဝါထွန်း၊ ဆင်းသုခနှင့် မှော်ဘီ-၃ စသည့် အထွက်ကောင်းမျိုးစပါးများကို စိုက်ပျိုးထားကြောင်း သိရသည်။

ခတ်ပုံ - ကနူး
မောင်မောင်ထိုက်




မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက်
ပညာလဲပေး ဗဟုသုတလဲရ
ဟာသလဲပါ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းအောင်အောင်ထွေး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းဩဇာ၊ ကာတွန်းမောင်တင်ယုနှင့် ကာတွန်းကြွယ်ကြွယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်မင်းသိမ်း(သရက်)၊ မောင်ငြိမ်းချမ်း၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ရွှေမြိုင်သူ(မြန်မာစာ)၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၃-၆-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၂၀)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆



**မွေးသက္ကရာဇ်အမှန်**

တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်၊ နတ်သျှင်နောင်ရပ်ကွက်၊ (၃)လမ်းနေ အဘ ဦးသန်းစိုး၏သား မောင်ကောင်းထက်ဦး ၇/တငန(နိုင်)၁၃၉၈၂၇ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁-၁၀-၁၉၉၀)ဖြစ်ပါကြောင်း။ (၁၁-၁၀-၁၉၉၀)

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# အင်တာမီလန်အသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ကိုမိုအသင်းနည်းပြ ဖာဗရီဂတ်ကို ခန့်အပ်နိုင်ရန်နီးစပ်နေ



**မီလန် ဇွန် ၅**

အင်တာမီလန်အသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ကိုမိုအသင်းနည်းပြ ဖာဗရီဂတ်ကို ခန့်အပ်နိုင်ရန်နီးစပ်နေကြောင်း သိရသည်။

နည်းပြ အင်ဇာဂီသည် ဆော်ဒီထိပ်တန်းကလပ် အယ်ဟီလယ်အသင်းသို့ မြင့်မားသည့်လုပ်ခလစာဖြင့် ပြောင်းရွှေ့ရန် အင်တာမီလန်အသင်းနှင့် သဘောတူလမ်းခွဲပြီးနောက် နည်းပြနေရာလစ်လပ်နေပြီး အင်တာမီလန်အသင်းက အင်ဇာဂီထွက်ခွာပြီးနောက် နည်းပြသစ်ရာထူးအတွက် ကြိုးပမ်းရှာဖွေနေခြင်းဖြစ်သည်။

နည်းပြ အင်ဇာဂီသည် အစောပိုင်းက အသင်းနည်းပြရာထူးမှထွက်ခွာရန် အစီအစဉ်မရှိသော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပီအက်စ်ဂျီအသင်းကို အင်တာမီလန်အသင်းက ၅ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် ရက်ပိုင်းအကြာတွင်ပင် နည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်အသင်းက အစောပိုင်းက နည်းပြရာထူးအတွက် ဖာဗရီဂတ်နှင့်အတူ လက်ရှိမာဆေးလ်အသင်းနည်းပြ ဒီဇာဘီကို ခန့်အပ်ရန်စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် ဖာဗရီဂတ်ကိုသာ ဦးစားပေးခန့်အပ်ရန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၈ နှစ်အရွယ် နည်းပြ ဖာဗရီဂတ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်က ကိုမိုအသင်း ယာယီနည်းပြအဖြစ် နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့သူဖြစ်ကာ ယခုဘောလုံးရာသီတွင် ကိုမိုအသင်းကို အီတလီစီးရီးအေပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၁၀) နေရာ၌ ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

နည်းပြ ဖာဗရီဂတ်ကို အင်တာမီလန်အသင်း မတိုင်မီက လေဗာကူဆင်အသင်း၊ ရိုးမားအသင်းနှင့် လိုက်ပဇစ်အသင်းတို့ကလည်း နည်းပြရာထူးအတွက် ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့သော်လည်း ကိုမိုအသင်းက ပယ်ချခဲ့ပြီး ယခုအခါ အင်တာမီလန်အသင်းက ဆွေးနွေးမှုများဆက်လက်လုပ်ဆောင်နေကာ ဖာဗရီဂတ်ကိုယ်တိုင်က အင်တာမီလန်အသင်းသို့ပြောင်းရွှေ့လိုကြောင်း သိရသည်။

*Ref;Fabrizio Romano*

# အယ်ဟီလယ်အသင်း၏ စံချိန်တင်လုပ်ခလစာဖြင့် ကမ်းလှမ်းမှုများကို ဖာနန်ဒက်စ်ပယ်ချ

**မန်ချက်စတာ ဇွန် ၅**

မန်ယူအသင်းခေါင်းဆောင် ဖာနန်ဒက်စ်က ဆော်ဒီထိပ်တန်းကလပ် အယ်ဟီလယ်အသင်း၏ စံချိန်တင်လုပ်ခလစာဖြင့် ကမ်းလှမ်းမှုများကို ပယ်ချပြီးနောက် အသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် စံချိန်တင်ရလဒ်ဆိုးများနှင့်တွေ့ကြုံခဲ့ရကာ ဥရောပအဆင့်ပြိုင်ပွဲများနှင့်လွဲချော်ခဲ့ရပြီး ဖာနန်ဒက်စ်အနေဖြင့်လည်း အသင်းမှထွက်ခွာရန် ပြင်ဆင်နေသည်ဟု ပြီးခဲ့သည့်ရက်ပိုင်းက သတင်းများထွက်ပေါ်ခဲ့ပြီးနောက် အယ်ဟီလယ်အသင်းက မြင့်မားသည့်လုပ်ခလစာများဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အယ်ဟီလယ်အသင်းက ဖာနန်ဒက်စ်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ပေးချေမည့်အပြင် စံချိန်တင်လုပ်ခလစာဖြစ်သည့် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ခုနစ်သိန်းအထိပေးရန် ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့သော်လည်း ဖာနန်ဒက်စ်ကိုယ်တိုင်က ဥရောပတွင်သာ ဆက်လက်ကစားလိုသည့်အတွက် အယ်ဟီလယ်အသင်း၏ ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းတွင်သာ ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

*Ref;B/R Football*

# အေစီမီလန်အသင်းက လူကာမိုဒရစ်ကို ၂၀၂၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုခေါ်ယူရန် သဘောတူညီမှုရရှိထား

**မီလန် ဇွန် ၅**

အေစီမီလန်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည့် ဝါရင့်ကွင်းလယ်ကစားသမား လူကာမိုဒရစ်ကို ၂၀၂၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုခေါ်ယူရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

အသက် ၃၉ နှစ်အရွယ် မိုဒရစ်သည် ၂၀၁၂ ခုနှစ်က စပါးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဆယ်စုနှစ်တစ်ခုကျော်ကြာ အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ပြီး ချန်ပီယံလိဂ်ဖလား၊ စပိန်လာလီဂါဖလားအပါအဝင် ဆုဖလားများစွာကို ဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် လူကာမိုဒရစ်တို့ စာချုပ်သက်တမ်းမှာ ယခုလကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိခဲ့သည့်အတွက် ယခုလကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲမည်ဖြစ်သည်။

လူကာမိုဒရစ်ကိုယ်တိုင်ကလည်း ရီးယဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲမည်ဖြစ်သော်လည်း ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန် အစီအစဉ်မရှိသေးသည့်အတွက် ၎င်းကို အစောပိုင်းက မေဂျာလိဂ်နှင့် ဆော်ဒီထိပ်တန်းအသင်းကြီးများက ခေါ်ယူလိုသော်လည်း လူကာမိုဒရစ်ကိုယ်တိုင်က ဥရောပ၌သာ ဆက်လက်ကစားလိုသည့်အတွက် တခြားကမ်းလှမ်းမှုများကို ပယ်ချပြီးနောက် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ရန်သာဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*




# အယ်နာဆာအသင်း၏စီမံကိန်းများကြောင့် တိုက်စစ်ကစားသမားစီရော်နယ်ဒိုအနေဖြင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး အသင်း၌သာ ဆက်လက်ကစားဖွယ်ရှိ

**ရီယက် ဇွန် ၅**

အယ်နာဆာအသင်းတိုက်စစ်ကစားသမား စီရော်နယ်ဒိုအနေဖြင့် အယ်နာဆာအသင်း၏ စီမံကိန်းများကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး အသင်း၌သာ ဆက်လက်ကစားဖွယ်ရှိနေကြောင်း သိရသည်။

စီရော်နယ်ဒိုသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက မန်ယူအသင်းနှင့် စာချုပ်ဖျက်သိမ်းပြီး အယ်နာဆာအသင်းထံ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့ကာ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲသို့ ပထမဆုံးပြောင်းရွှေ့ကစားခဲ့သည့် ဥရောပထိပ်တန်းကစားသမားတစ်ဦးဖြစ်ပြီး စီရော်နယ်ဒိုပြောင်းရွှေ့ခဲ့ပြီးနောက် ဥရောပမှ ထိပ်တန်းကစားသမားအများစု အနေဖြင့် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့ကစားခဲ့ကြခြင်းဖြစ်ကာ စီရော်နယ်ဒိုနှင့် အယ်နာဆာအသင်းတို့စာချုပ်သက်တမ်းမှာ ယခုလကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။

အယ်နာဆာအသင်းက စီရော်နယ်ဒိုကို လက်မလွှတ်လိုသည့်အတွက် အစောပိုင်းကတည်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနေသော်လည်း စီရော်နယ်ဒိုကိုယ်တိုင်က အသင်းတွင် သုံးရာသီကစားခဲ့ရာ ဆုဖလားတစ်လုံးမှ ဆွတ်ခူးနိုင်ခြင်းမရှိသကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ပွဲ ၃၀ ကစားခဲ့ပြီး ၂၅ ဂိုးသွင်းယူနိုင်ကာ သွင်းဂိုးအများဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် အဆင့်(၃)နေရာ၌သာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော် အယ်နာဆာအသင်းက စီရော်နယ်ဒိုကို အသင်း၌ ဆက်လက်ထိန်းထားနိုင်ရန် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ဥရောပမှ ထိပ်တန်းကစားသမားများကို ခေါ်ယူပြီး ဆုဖလားဆွတ်ခူးနိုင်ရန် ပြင်ဆင်နေသည့်အတွက် စီရော်နယ်ဒိုကလည်း အသင်း၏စီမံကိန်းများကြောင့် အသင်း၌သာ ဆက်လက်ကစားဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော်  ဇွန်  ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၂၅၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၃၅၇၉၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M–802/SF–5327 ဖြင့် ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့လိုက်ပါလာသည့် မြန်မာနိုင်ငံသား ခရီးသည်တစ်ဦး၏ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၅၅၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၇၉၀၇၉၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။





လိုင်စင်မဲ့မော်တော်ယာဉ်များနှင့်
လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိမှု။

**ဇွန်လ ၄ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့၊ အမှတ်(၆)ရပ်ကွက်၊ ဗိုလ်ကြာသုတ်လမ်းဘေး တစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း(၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့နယ် ရွှေသံလွင်တိုးဂိတ်အနီး၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၈)မျိုး၊ စားသောက်ကုန်ပစ္စည်း (၄)မျိုး၊ Honda Dio မော်တော်ဆိုင်ကယ်(၁၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၄၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace (၁)စီး၊ Nissan Diesel Truck (၁)စီး၊ Nissan Caravan (၁)စီး၊ Dongfeng Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၁၁ ဒသမ ၀၈၃)တန်၊ သစ်မာ (သုည ဒသမ ၉၆၂)တန်၊ အခြားသစ်(၂ ဒသမ ၀၈၁)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၇၇၀၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၆၂၇၀၁)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်–နေပြည်တော်အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် ၀ မိုင် ၂ ဖာလုံ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၆၈၈၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Myanmar Yangon Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၆၈၈၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှဖားကန့်မြို့ သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၁၃၄၄၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan AD Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်–မန္တလေးအမြန်လမ်း၊ တံတားဦးလေဆိပ်အဝိုင်းနှင့်ပလိပ်မြို့ကြား၊ သံဘောလီတံတားအနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၁၈၃၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၊ စဥ့်ကိုင်ကတ္တားအနီး၌ ချင်းရွှေဟော်မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၁၂၅၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၁၅၃၉၅၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် **ဇွန်လ ၄ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၄၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၂၆)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်၍ ဇွန်လ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၃၉၅၆၂၄၁)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော်  ဇွန်  ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **မေလ ၂၆ ရက်မှ ဇွန်လ ၁ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၄ ဒသမ ၈၀၇၀)တန်၊ သစ်မာ (၁၄ ဒသမ ၉၇၂၆ )တန်၊ အခြား (၅ ဒသမ ၅၈၂၄ )တန်၊ စုစုပေါင်း (၂၅ ဒသမ ၃၆၂၀) တန်၊ ယာဉ်/ ယန္တရား (၃) စီး၊ တရားခံ (၅) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မြဝတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၄။ Myawady Webportal https://myawady.net.mm
၅။ Myanmar National Portal https://myanmar.gov.mm

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော




တေဇ ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် ဧပြီလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၃၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအား ဌာနအရောက်တန်ဖိုး(D.D.P)မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | TNT mips Upgrade (complete Remote Sensing & GIS Software) with Printer Module Software Key | (2)Nos. |
| ( ခ ) | ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ | (1)Lot |
| ( ဂ ) | မြေတိုင်းဦးစီးဌာနရုံး ခြံစည်းရိုးနှင့် အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း | (1)Lot |
| (ဃ) | Satellite Image (2D Ortho–Rectify, 0.5 m GSD, 5 m resolution DTM) | (1)Lot |

၂။ အိတ်ဖွင့်တင်ဒါများအား ၁၃ – ၆ – ၂၀၂၅ ရက်နေ့(၁၂:၀၀)နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး(၁၄:၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြေတိုင်းဦးစီးဌာန၊**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း – ၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**
**၀၉-၉၆၄၉၃၄၅၇၆၊ ၀၉-၄၄၄၄၅၃၇၉၈**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး RC(၁)ထပ်(၃၀'x၃၄'x၁၁'၇")(၄၀)ရုံး ဆောက်လုပ်နိုင်ရေးအတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး(ပြည်လမ်းနှင့် အလုံလမ်းထောင့် လွှတ်တော်ရုံးဝင်း)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါရောင်းချမည့်ရက် - (၆-၆-၂၀၂၅)ရက်နေ့
၄။ တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန် - (၇-၇-၂၀၂၅)ရက်နေ့

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ပျောက်ဆုံးကြောင်း**
သက်မော်အောင်ကြည်(ဘ)ဦးအောင်ကြည် ၁၃/နစန(နိုင်)၀၇၀၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 728886)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဦးထိန်လင်းဦး(ဘ)ဦးသန်းစိုး ၁၀/မလမ(နိုင်)၁၉၇၅၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၄၂၃၃၄

**ပျောက်ဆုံးကြောင်း**
ဦးကြည်ဝင်း(ဘ)ဦးရွှေထွန်း ၅/ဘတလ(နိုင်)၀၂၃၆၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(672412)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၉၄၆၇၉၈

**ပျောက်ဆုံးကြောင်း**
ဦးနေဝင်း(ဘ)ဦးတုတ်ကြီး ၅/ရဥန(နိုင်)၀၆၉၂၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## "ကန့်ကွက်နိုင်ပါသည်"

Aung Champion Co.,Ltd. အား ယခင် Managing Director ဖြစ်သူ ဦးဝင်းမင်းထွန်း(၇/ကကန(နိုင်)၀၃၀၉၄၀)သည် (၇-၁-၂၀၂၅)ရက်တွင် ရာထူးမှနုတ်ထွက်သွားပါသဖြင့် ဒေါ်ရွှန်းသီရိအောင်(၁၂/ဒဂန(နိုင်)၀၂၃၉၁၆)မှ Managing Director အဖြစ် (၇-၁-၂၀၂၅)ရက်မှ စတင်ပြောင်းလဲ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေါ်ရွှန်းသီရိအောင်မှ Aung Champion Co.,Ltd. ၏ Managing Director အဖြစ် ပြောင်းလဲတာဝန်ယူဆောင်ရွက်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**Aung Champion Co.,Ltd.**

**ပျောက်ဆုံးကြောင်း**
ထက်ထက်ကျော်စိုး(ဘ)ဦးစိုးသိန်း ၁၀/သထန(နိုင်)၁၅၁၁၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၄၂၆၁၆၇

**ပျောက်ဆုံးကြောင်း**
အေးသန်းမိုး(ဘ)ဦးသိန်းဇော် ၈/ရနခ(နိုင်)၁၈၇၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ယဉ်မင်းအေး(ဘ)ဦးသိန်းအေး ၁၄/ကပန(နိုင်)၀၁၄၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 579800)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၂၉၆၁၃

**ပျောက်ဆုံးကြောင်း**
နန်းစိန်ညွှန့်(ဘ)ဦးစိုင်းထွန်းခင် ၁၃/တယန(နိုင်)၀၇၂၃၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇာဇာဝင်း(ဘ)ဦးဝင်းမြင့် ၇/အဖန(နိုင်)၁၀၀၀၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်ရင်ကြည်(ဘ)ဦးဝင်းအောင် ၁၂/လမတ(နိုင်)၀၃၀၉၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထက်နှင်းဝေ(ဘ)ဦးရဲထွန်းလတ် ၁၃/ကမန(နိုင်)၁၃၄၇၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၃၈၄၄၆၃၃

**ပျောက်ဆုံးကြောင်း**
နန်းခမ်းနွံဖောင်(ဘ)ဦးစိုင်းအိုက်ယီခမ်း ၁၃/မဆတ(နိုင်)၀၅၅၆၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 520722)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၈၄၆၈၂၃

**ပျောက်ဆုံးကြောင်း**
မြတ်အိဟန်(ဘ)ဦးဆန်းဝင်းထွန်း ၁/ဗမန(နိုင်)၁၀၆၆၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နိုင်ဝင်းအောင်(ဘ)ဦးခင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၃၀၉၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**မွေးသက္ကရာဇ်အမှန်**
ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့၊ ကောင်းမှုးတုံရပ်ကွက်နေ အဘ ဦးဇင်ဆုံ၏ သား မောင်ဟန်မြင့်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၆-၉-၂၀၁၀)ဖြစ်ပါကြောင်း။ (၂၆-၉-၂၀၁၀)

**ပျောက်ဆုံးကြောင်း**
ချင်ချန်းရော့(ဘ)ဦးဒွဲကြူး ၁/မစန(နိုင်)၀၁၅၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၅၆၈၉၉၉၉

**ပျောက်ဆုံးကြောင်း**
နော်ဆာထူးဝါး(ဘ)ဦးထူးလို ၁၂/မဘန(နိုင်)၁၃၁၃၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မောင်ရဲဝင်း(ဘ)ဦးအုန်းမြင့် ၁၂/ဗဟန(နိုင်)၀၇၆၄၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ညွှန့်ဝင်း(ဘ)ဦးအောင်သိန်း ၇/ပတတ(နိုင်)၀၈၁၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၀၀၉၉၂၈၀

**ပျောက်ဆုံးကြောင်း**
ဇော်ဇော်ထွန်း(ဘ)ဦးလူတင် ၁၄/ပတန(နိုင်)၁၄၅၅၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၁၀၂၉၅၉

**ပျောက်ဆုံးကြောင်း**
ဇွန်ဇင်မြင့်(ဘ)ဦးဇော်ဝမ်း ၈/ငဖန(နိုင်)၀၅၀၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၁၉၇၄၁၄၁

**ပျောက်ဆုံးကြောင်း**
ရာဇာစိုး(ဘ)ဦးစိုးနိုင် ၉/မလန(နိုင်)၁၀၁၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၁၇၂၀၉

**ပျောက်ဆုံးကြောင်း**
ခင်အေးသန်း(ဘ)ဦးအေးကျော်ဦး ၁၁/ရဗန(နိုင်)၀၅၄၉၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၂၀၇၄၆၃၄

**ပျောက်ဆုံးကြောင်း**
မသောင်းညွှန့်(ဘ)ဦးတင်ဖေ ၅/အတန(နိုင်)၀၀၃၂၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၁၈၀၉၄၃၆

**ပျောက်ဆုံးကြောင်း**
ဆူဒါးမား(ဘ)ဦးဂျိုက်ပရကတ် ၈/သရန(နိုင်)၁၀၀၂၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၅၈၆၈၅၇

**ပျောက်ဆုံးကြောင်း**
ဇူလိုင်မိုး(ဘ)ဦးသိန်းမြင့် ၇/လပတ(နိုင်)၁၆၀၅၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၃၆၃၅၈၃၇

**ပျောက်ဆုံးကြောင်း**
ကေသီညွှန့်(ဘ)ဦးမောင်ညွှန့် ၁၂/မဂဒ(နိုင်)၀၉၅၈၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၀၅၂၅၆၀၀

**ပျောက်ဆုံးကြောင်း**
ဇီဝကာနန္ဒ(ဘ)ဦးဘရင် ၁၂/ရပသ(သ)၀၀၁၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၆၅၈၇၂၀၂

**ပျောက်ဆုံးကြောင်း**
စိုးလွင်(ဘ)ဦးချစ်စိန် ၁၂/သကတ(နိုင်)၀၂၆၄၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၀၇၃၃၂၈

**ပျောက်ဆုံးကြောင်း**
စိုးသီဟ(ဘ)ဦးလှသိန်း ၂/လကန(နိုင်)၀၅၅၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၈၁၄၃၅၉၉

**ပျောက်ဆုံးကြောင်း**
ချယ်ရီသင်း(ဘ)ဦးအောင်ကြည် ၁၄/ညတန(နိုင်)၁၂၆၉၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၉၅၀၆၂၇၀

**ပျောက်ဆုံးကြောင်း**
ကြည်ကြည်အေး(ဘ)ဦးဝင်းကြည် ၇/ထတပ(နိုင်)၀၈၅၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 427845)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဝင်းလဲ့ကြည်ဖြူ(ဘ)ဦးသန်းဦး ၁၄/ဟသတ(နိုင်)၃၆၀၄၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 447231)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇမ်ရှန်ပေါင်(ဘ)ဦးဇဲလ်ခန့်မန် ၁၂/အစန(နိုင်)၁၉၀၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၅၂၉၉၂၂

**ပျောက်ဆုံးကြောင်း**
အေးအေးသန်း(ဘ)ဦးကျော်သန်း ၁၄/မအပ(နိုင်)၀၁၂၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၆၈၆၁၀၂၈၅၅

**ပျောက်ဆုံးကြောင်း**
သူဇာလွင်(ဘ)ဦးဟန်စိန် ၇/ရကန(နိုင်)၀၅၀၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## အမည်မှန်

တာမိုးညဲမြို့နယ်၊ အဘ ဦးကျန်းဇူပေါက် ၁၃/တမည(နိုင်)၁၀၅၃၈၆ နှင့် အမိ ဒေါ်ဆောက်လန်ဖိန်း ၁၃/တခန(နိုင်)၀၅၄၀၈၇ တို့၏သမီး HAW SHIN NAR ၏ အမည်မှန်မှာ မဆောင်းဝတ်ရည်နှင်းဖြစ်ပါကြောင်း။

**မဆောင်းဝတ်ရည်နှင်း**

**ပျောက်ဆုံးကြောင်း**
ငပုတောမြို့နယ်၊ ပြင်ခရိုင်ရွာနေ မောင်မောင်ဝင်း(ခ)ရာဟာမသွာလာ(ဘ)ဦးအီဆာဟတ်(ခ)ဦးဘခိုင် ၁၄/ငပတ(နိုင်)၁၃၇၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 735662)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၂၂၅၅၅၁

**ပျောက်ဆုံးကြောင်း**
မြောင်းမြမြို့နယ်၊ ပိုးလောင်းအုပ်စု၊ အောက်ပိုးလောင်းရွာနေ မျိုးညီညီ(ဘ)ဦးအုန်းဆန်း ၁၄/မမန(နိုင်)၃၃၀၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 753975)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၄၂၈၉၀၂၀

**ပျောက်ဆုံးကြောင်း**
ကျော်မြင့်ဦး(ဘ)ဦးဘရန်မိုင် ၉/ခအဇ(နိုင်)၀၇၇၆၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


**ပျောက်ဆုံးကြောင်း**
ကျော်ဝင်း(ခ)အားဝိန်(ဘ)ဦးအိုက်စံ ၁၂/စခန(နိုင်)၀၇၄၇၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံး ကြောင်း**
သိန်းလွင်(ဘ)ဦးဟာရွန် ၁၂/ဒဂတ(နိုင်)၁၁၅၂၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ ကေတုမတီမြို့သစ်၊ မင်းကြီးဆွေရပ်ကွက်၊ အမှတ်(၃)လမ်း၊ အိမ်အမှတ် ၅၇ နေ အဘ ဦးဇော်မျိုးလင်း ၇/ကကန(နိုင်)၀၄၅၅၂၉၊ အမိ ဒေါ်ကလျာစိုး ၇/တငန(နိုင်)၁၂၁၉၉၅ တို့၏သား မောင်ဥက္ကာဟိန်း ၇/တငန(နိုင်)၂၆၂၈၆၇ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိဘစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးဇော်မျိုးလင်း-ဒေါ်ကလျာစိုး**



Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
"မှန်သည် မြန်သည် မြဝတီ"
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
~ (01) 2301421, 2317166
Phone No : (01) 2301367, 2301368, 2301452, 2301378
MPU
UnionPay




ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com




ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀




အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ **အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့်နိုင်ငံတော်ကို ပုံဖော်ပေးနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသော Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများအား ဖမ်းဆီးရမိ


**နေပြည်တော် ဇွန် ၅**

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ်၊

**စာမျက်နှာ ၂၅ ကော်လံ ၁●**

### သံအမတ်ကြီး(ငြိမ်း) ဦးချိုထွန်းအောင်အား လုပ်ကြံသတ်ဖြတ်သူများအား ဖမ်းဆီးရမိမှုအခြေအနေ




# ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ်၊ နောင်မွန်း-ပန်နန်းဒင်သွား မေခမြစ်ကူး(လူကူး) ကြိုးတံတားပျက်စီးခဲ့မှုအား ပြန်လည်ပြုပြင်ပြီးစီး၊ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်များ ပို့ဆောင်

စာ - ၆ သို့






# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့

### မှတ်သားဖွယ်ရာမိုးရေချိန်များ

၅-၆-၂၀၂၅

| | | |
|---|---|---|
| လှည်းကူး | ၂ | ဒသမ ၂၄ လက်မ |
| ပဲခူး | ၂ | ဒသမ ၀၅ လက်မ |
| နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်) | ၁ | ဒသမ ၈၆ လက်မ |
| ဟားခါး | ၁ | ဒသမ ၇၇ လက်မ |
| ကော့ကရိတ် | ၁ | ဒသမ ၇၃ လက်မ |
| ပန်းတနော် | ၁ | ဒသမ ၅၈ လက်မ |
| မှော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ) | ၁ | ဒသမ ၅၇ လက်မ |
| ဟုမ္မလင်း | ၁ | ဒသမ ၅၇ လက်မ |
| မုဒုံ | ၁ | ဒသမ ၅၇ လက်မ |

SIN MINN
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၉၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

